THE REPUBLIC OF THE UNION OF MYANMAR

# THE SUPREME COURT *of* THE UNION



## ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

## 2017 ANNUAL REPORT

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# ၂၀၁၇ ခုနှစ်

# တရားရုံးနှစ်စဉ်အစီရင်ခံစာ

# မာတိကာ


**ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်** ၄

**ရည်မှန်းချက်** ၆

**လုပ်ငန်းတာဝန်များ** ၆

**တရားရုံး၏ တန်ဖိုးများ** ၆

**တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်** ၇

**တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှုဖော်ပြချက်**

- **တရားစီရင်ရေးဆိုင်ရာအခြေခံမူများ** ၈
- **တရားရုံးဖွဲ့စည်းပုံ** ၈
  - ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၁၀
  - တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော် ၁၂
  - ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတရားရုံး ၁၄
  - မြို့နယ်တရားရုံး ၁၆
  - ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ ၁၇
- **တရားရုံးစီမံခန့်ခွဲမှု**
  - ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ ၁၈
  - ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံစနစ် ၁၉
  - ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၂၀

**၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများ**

- **တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာ ပြောင်းလဲသတ်မှတ်ခြင်း** ၂၃
- **မှုခင်းများ စစ်ဆေးစီရင်ခြင်း** ၂၃
  - ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၃
  - ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း ၃၅
  - စစ်ဆေးဆဲအမှုများ၏ သက်တမ်း ၄၄
  - အယူခံတက်ရောက်မှုနှုန်း ၅၄
  - မှုခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု ၅၈
  - အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၆၀
- **အခြားကြိုးပမ်းဆောင်ရွက်မှုများ** ၆၂
  - ရုံးခွန်နှင့် ဒဏ်ငွေကောက်ခံရရှိမှု ၆၂
  - တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း ၆၃
  - လူ့စွမ်းအားအရင်းအမြစ်များ ၆၄

လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ၆၅

သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များ ၇၀

တရားရုံးလုပ်ငန်းများ အများပြည်သူလက်လှမ်းမီရေးနှင့် အသိအမြင်မြှင့်တင်ရေးဆောင်ရွက်ပေးခြင်း ၇၂

တရားရုံးအသစ်များနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း ၇၅

ပြင်ဆင်သည့် ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ခြင်း ၇၅

မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ် ထုတ်ပြန်ခြင်း ၇၆

၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း ၇၆

မြန်မာနိုင်ငံတရားစီရင်ထုံး (၂၀၁၆) ထုတ်ဝေခြင်း ၇၆

ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ ရရှိရေး
ဆောင်ရွက်ခြင်း ၇၇

တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း ၇၇

**တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ**

မဟာဗျူဟာစီမံကိန်း တတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၁၇) အကောင်အထည်ဖော်ဆောင်ရွက်မှု
အစီရင်ခံစာ ၈၂

သုံးနှစ်တာမဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)၏ ရလဒ်များ ၉၄

ရှေ့လုပ်ငန်းစဉ်များ ၁၀၀

**နောက်ဆက်တွဲများ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရား
လွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ တည်နေရာများ နောက်ဆက်တွဲ (က)

အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြသည့်အခြေပြဇယား နောက်ဆက်တွဲ (ခ)

တိုင်စာအရ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ
ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း နောက်ဆက်တွဲ (ဃ)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူဆောင်ရွက်ခဲ့သော
ပြင်ဆင်ခဲ့သည့် ဥပဒေများနှင့် နည်းဥပဒေ နောက်ဆက်တွဲ (င)

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီးများ၏ ပြည်ပခရီးစဉ်များ နောက်ဆက်တွဲ (စ)

တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် ပြည်ထောင်စု
တရားလွှတ်တော်ချုပ်သို့ လာရောက်သည့် နိုင်ငံတကာကိုယ်စားလှယ်များစာရင်း နောက်ဆက်တွဲ (ဆ)

မဟာဗျူဟာစီမံကိန်း တတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၁၇)
အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ရလဒ်များ နောက်ဆက်တွဲ (ဇ)

## ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်



မြန်မာနိုင်ငံတရားစီရင်ရေး၏ ၂၀၁၇ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာအား ပြည်သူများသို့ ထုတ်ပြန်လိုက်ရပေသည်။ တစ်နည်းဆိုရလျှင် အစီရင်ခံစာထုတ်ပြန်သည့် ၂၀၁၇ ခုနှစ်သည် မြန်မာနိုင်ငံ တရားစီရင်ရေးတစ်ရပ်လုံး၏ ပထမဆုံးသော မဟာဗျူဟာစီမံကိန်းဖြစ်သည့် တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာမဟာဗျူဟာ စီမံကိန်း (၂၀၁၅-၂၀၁၇) ၏ အကောင်အထည်ဖော် ဆောင်ရွက်မှု နောက်ဆုံးနှစ်လည်းဖြစ်သည်။

သို့ဖြစ်၍ ဤနှစ်စဉ်အစီရင်ခံစာတွင် အဆိုပါ မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများကိုလည်း ကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းဖော်ပြထားပါသည်။ ယခင် ထုတ်ပြန်ခဲ့သည့် နှစ်စဉ်အစီရင်ခံစာကဲ့သို့ပင် ယခုအစီရင်ခံစာကိုလည်း မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသာမက နိုင်ငံတကာကပါ သိရှိနိုင်စေရန် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ပြန်ခြင်း ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် နိုင်ငံတစ်ဝှမ်းလုံးရှိ တရားရုံးအဆင့်ဆင့်က နှစ်စဉ် ဆောင်ရွက်ခဲ့သည့်၊ ဆောင်ရွက်လျက်ရှိသည့်၊ ဆောင်ရွက်သွားရန် ရည်ရွယ်သည့် လုပ်ငန်းဆောင်တာများကို တရားရုံးလုပ်ငန်းနှင့်ပတ်သက်နေသူများသာမက အများပြည်သူကပါ သိရှိနားလည်ထားသင့်ပေသည်။ ဤအစီရင်ခံစာအား ယင်းသို့ သိရှိနားလည်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ယခု တရားရုံးနှစ်စဉ်အစီရင်ခံစာတွင် တရားရုံးလုပ်ငန်းများနှင့်ပတ်သက်၍ မဖြစ်မနေ ဖော်ပြရမည့်၊ ဖော်ပြသင့်သည့် အချက်အလက် ကိန်းဂဏန်းများကို ထည့်သွင်းဖော်ပြထားပါသည်။ ယင်းတို့ကို ဖတ်ရှုလေ့လာခြင်းဖြင့် တရားရုံးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေသူများ၊ အကျိုးသက်ဆိုင်သူများ၊ တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တစ်ထောင့်တစ်နေရာမှနေ၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သူများအနေဖြင့် ယခုထက်ပိုမိုကာ ထမ်းရွက်ပံ့ပိုးပေးနိုင်ကြစေကြောင်းကိုလည်း အလေးအနက် တိုက်တွန်းအပ်ပေသည်။

မျက်မှောက်ခေတ်တရားစီရင်ရေးသည် အသစ်အသစ်သော ပြောင်းလဲမှုများနှင့် နေ့စဉ်ကြုံတွေ့လာနေရသည်ကို သတိပြုမိကြမည်ဟု မိမိအနေဖြင့် ယူဆပါသည်။ တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ တရားခွင်တွင် သမားရိုးကျ အမှုများစစ်ဆေးစီရင်နေရုံမျှဖြင့်၊ ရုံးရှေ့ရောက်ရှိလာသောအမှုအခင်းများကို ဖြေရှင်းပေးနေရုံမျှဖြင့် လုံလောက်သည်ဟု မဆိုနိုင်တော့ချေ။

တရားရုံးလုပ်ငန်းများ ပိုမိုထိရောက် သွက်လက်မြန်ဆန်လာနိုင်မှု၊ တရားရုံးဝန်ဆောင်မှုများကို ကျယ်ပြန့်စွာ ပေးနိုင်မှု၊ အများပြည်သူနှင့် မီဒီယာတို့အပေါ် ယဉ်ကျေးလိုလားစွာ ထိတွေ့ဆက်ဆံနိုင်မှု၊ ခေတ်မီသည့် မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးနည်းပညာတို့ကို အသုံးပြုနိုင်မှုတို့သည် မရှိမဖြစ် လိုအပ်လာသောအရာများ ဖြစ်လာသည်။ ထို့အတူ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများက သိရှိထားရမည့် ဘာသာရပ်အကြောင်းအရာအသစ်များသည်လည်း အချိန်နှင့်တပြေးညီ ပေါ်ထွန်းလျက်ရှိပေသည်။ ဒေသတွင်းနှင့် နိုင်ငံတကာတရားစီရင်ရေးကဏ္ဍများနှင့် ပတ်သက်ဆက်နွှယ်မှုများသည်လည်း ပိုမိုအရေးပါသော အခြေအနေသို့ ရောက်ရှိနေပြီဟု ဆိုနိုင်သည်။ ယခုအစီရင်ခံစာ ထုတ်ပြန်သည့်နှစ်သည် တရားစီရင်ရေး၏ ငါးနှစ်တာမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂) ရေးဆွဲထုတ်ပြန်သည့်နှစ်နှင့်လည်း တိုက်ဆိုင်နေသည့်အတွက် ထူးခြားသည့်နှစ်ဟု ဆိုနိုင်သည်။ မိမိတို့အနေနှင့် "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" (Towards Improving Justice For All) ဟူသောဆောင်ပုဒ်နှင့် ရေးဆွဲခဲ့သည့် တရားစီရင်ရေးဆိုင်ရာ ငါးနှစ်တာမဟာဗျူဟာစီမံကိန်းအား ပြည်သူလူထုသို့ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် တင်ပြခဲ့ပြီးဖြစ်သည်။ ယခုမှ နောက်ငါးနှစ်တာကာလအတွင်း တရားစီရင်ရေးကဏ္ဍအနေဖြင့် လုပ်ဆောင်သွားမည့် လုပ်ငန်းများ၊ လုပ်ဆောင်ချက်များကို ယင်းမဟာဗျူဟာစီမံကိန်းက ထင်ဟပ်စေမည်ဖြစ်သည်။ တရားရုံးဝန်ဆောင်မှုများ၊ လက်လှမ်းမီနိုင်မှုများ၊ တာဝန်ခံယူနိုင်မှုများ တိုးတက်လာခြင်းဖြင့် အများပြည်သူတို့က တရားစီရင်ရေးကဏ္ဍအပေါ် ယုံကြည်ကိုးစားလာမှု တိုးတက်မြင့်မားလာစေရေးအတွက် ကြီးစွာသော အထောက်အကူဖြစ်စေမည်ဟုလည်း မိမိတို့အလေးအနက်ခံယူထားသည်။

ယခုအစီရင်ခံစာ အချိန်မီထုတ်ပြန်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရေးအဖွဲ့ကို မှတ်တမ်းတင် ဂုဏ်ပြုလိုက်ရပေသည်။ အလားတူ တရားရုံးများနှင့်ပတ်သက်သည့် ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များ ကောက်ယူရာတွင် ပူးပေါင်းပါဝင်ခဲ့ကြသည့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များနှင့် တရားရုံးအဆင့်ဆင့်မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိပါသည်။ အထူးအားဖြင့် ယခုအစီရင်ခံစာအတွက် နည်းပညာပိုင်းဆိုင်ရာ ကူညီမှုများပေးခဲ့သည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(မြန်မာ)၊ ဩစတြေးလျနိုင်ငံဖယ်ဒရယ်တရားရုံးနှင့် ဒိန်းမတ်-မြန်မာအစီအစဉ်မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။



**ဦးထွန်းထွန်းဦး**
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၈ ခုနှစ် မေလ ၂ ရက်
နေပြည်တော်

## ရည်မှန်းချက်

လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်

တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး

အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး

တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

## တရားရုံး၏တန်ဖိုးများ

သာတူညီမျှမှုနှင့် တရားမျှတမှု

တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု

လက်လှမ်းမီနိုင်မှု

မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု



## တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျအကဲဖြတ်နိုင်စေရန်
- တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်

# တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှုဖော်ပြချက်

## တရားစီရင်ရေးဆိုင်ရာအခြေခံမူများ

၂၀၁၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခြေခံမူများကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

- ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး
- ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး
- အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး
- ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး
- ဥပဒေက ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသောအလေ့အကျင့်ပျိုးထောင်ပေးရေး
- ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး
- ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး

## တရားရုံးဖွဲ့စည်းပုံ

မြန်မာနိုင်ငံတွင် တရားစီရင်ရေးသည် နိုင်ငံတော်၏အချုပ်အခြာအာဏာသုံးရပ်အနက် တစ်ခုဖြစ်ပြီး၊ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှ သီးခြားရပ်တည်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့် အဆင့်ဆင့်သော တရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ အောက်ဖော်ပြပါတရားရုံးများကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှစ၍ ဖွဲ့စည်းထားပါသည်-

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
- တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်
- ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး
- မြို့နယ်တရားရုံး
- ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်



- နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး
- နေပြည်တော်တွင် တည်ရှိသည်

## တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ



- ဒုတိယအမြင့်ဆုံးတရားရုံး
- တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော် (၁၄) ရုံး

## ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ



- ဒုတိယအနိမ့်ဆုံးတရားရုံး
- ခရိုင်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသတရားရုံး( ၇၂)ရုံး

## မြို့နယ်တရားရုံးများ/ ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ



- မူလတရားရုံး
- မြို့နယ်တရားရုံး (၃၃၀) ရုံး၊ အခြားတရားရုံး (၂၂) ရုံး

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် စစ်ဘက်ဆိုင်ရာတရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ နိုင်ငံတော်၏အမြင့်ဆုံး တရားရုံးဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏မြို့တော်သစ် နေပြည်တော်တွင် တည်ရှိသည်။ ၁၃-၆-၂၀၁၇ ရက်နေ့အထိ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီး ငါးဦးဖြင့် ဖွဲ့စည်းထားသည်။ ၁၄-၆-၂၀၁၇ နေ့မှစ၍ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ကိုးဦးတို့ဖြင့် ဖွဲ့စည်းထား သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နောက်ဆုံးအဆင့် အယူခံတရားရုံးဖြစ်သည်။ တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးစလုံးအတွက် မူလမှုနှင့် အယူခံမှုစီရင်ပိုင်ခွင့်ရှိသည်။ ထို့အပြင် တရားရုံး တစ်ရုံးက ချမှတ်လိုက်သော စီရင်ချက်နှင့်အမိန့်အပေါ် ဥပဒေနှင့်အညီ ပြင်ဆင်မှုအာဏာနှင့် သေဒဏ် အတည်ပြုခွင့်အာဏာများလည်း ရှိသည်။ ထို့ပြင် ဥပဒေနှင့်အညီ အခြားတရားရုံးများ၏ စီရင်ပိုင် ခွင့်အာဏာကို မထိခိုက်စေဘဲ စာချွန်တော်သဘောသဘာဝရှိသော အမိန့်များကို ထုတ်ပြန်ရန် စာချွန်တော်အမိန့်(၅)ရပ်ကို ထုတ်ပိုင်ခွင့်အာဏာရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော တရားသူကြီးများ သို့မဟုတ် စုံညီခုံရုံးတို့ဖြင့် အမှု များကို စစ်ဆေးစီရင်နိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါကိစ္စရပ်များကိုလည်း သီးသန့် ကြားနာစစ်ဆေးပါသည်-

* ပြည်ထောင်စုနိုင်ငံတော်က ချုပ်ဆိုသော ပြည်ထောင်အချင်းချင်းဆိုင်ရာ စာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ကိစ္စရပ်များ
* ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ
* တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အချင်းချင်း၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အချင်းချင်း တို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်း ပွားမှုများ
* ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏ အမြင့်ဆုံး အာဏာပိုင်ဖြစ်သည်နှင့်အညီ လက်အောက်ခံတရားရုံးများအားလုံးကို စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန် တာဝန်ရှိသည်။ ထို့အပြင် တရားစီရင်ရေးနှင့် သက်ဆိုင်သော ဥပဒေကြမ်းများကို ဥပဒေပြုအဖွဲ့ ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းနိုင်ခွင့်ရှိသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များနှင့် ခရိုင်တရားရုံးများ၏ တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ



ပြည်ထောင်စုတရားသူကြီးချုပ်
ဦးထွန်းထွန်းဦး
၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ



တရားသူကြီးဦးသာဌေး
၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ



တရားသူကြီးဦးစိုးညွန့်
၃၀-၃-၂၀၁၁ နေ့မှ ၂-၁၀-၂၀၁၇ ထိ



တရားသူကြီးဦးမြသိမ်း
၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ



တရားသူကြီးဦးမြင့်အောင်
၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ



တရားသူကြီးဦးအောင်ဇော်သိန်း
၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ



တရားသူကြီးဦးမြဟန်
၁၄-၆-၂၀၁၇ နေ့မှစ၍ ယနေ့ထိ



တရားသူကြီးဦးမျိုးတင့်
၁၄-၆-၂၀၁၇ နေ့မှစ၍ ယနေ့ထိ



တရားသူကြီးဦးစိုးနိုင်
၁၄-၆-၂၀၁၇ နေ့မှစ၍ ယနေ့ထိ



တရားသူကြီးဦးခင်မောင်ကြည်
၁၄-၆-၂၀၁၇ နေ့မှစ၍ ယနေ့ထိ

## တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ဒုတိယအမြင့်ဆုံး တရားရုံးဖြစ်ပြီး ပြည်ထောင်စု၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တည်ရှိပါသည်။ တိုင်းဒေသကြီး တရားလွှတ်တော် (၇) ခုနှင့် ပြည်နယ်တရားလွှတ်တော် (၇) ခုရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များ၏ တည်နေရာစာရင်းကို **နောက်ဆက်တွဲ(က)** တွင် ဖော်ပြထားပါသည်။

တရားလွှတ်တော်တစ်ခုစီတွင် တရားသူကြီးချုပ်တစ်ဦးနှင့် သက်ဆိုင်ရာအလုပ်တာဝန်ပမာဏ အပေါ်မူတည်၍ တရားလွှတ်တော်တရားသူကြီးအရေအတွက် အနည်းဆုံး (၃) ဦးမှ အများဆုံး (၇) ဦး အထိကွဲပြားပါသည်။

တရားလွှတ်တော်များတွင် တရားမနှင့်ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကို ကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများကချမှတ်သည့် စီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံနှင့်ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများလည်းရှိပါသည်။

တရားလွှတ်တော်များရှိ အမှုအားလုံးကို တရားသူကြီးတစ်ဦး သို့မဟုတ် လိုအပ်ပါက တစ်ဦး ထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးပါသည်။ တရားလွှတ်တော်သည် လက်အောက်ခံတရားရုံး အားလုံး၏ တရားစီရင်ရေးတာဝန်များနှင့် စီမံအုပ်ချုပ်ရေးတာဝန်များအပေါ် စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန် တာဝန်ရှိပါသည်။

**တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ တရားသူကြီးချုပ်များနှင့်တရားသူကြီးများ**
**၁-၁-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ အထိ**

| | | |
|---|---|---|
| ကချင်ပြည်နယ် တရားလွှတ်တော် | တရားသူကြီးချုပ် ဦးတူးဂျာ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးဇော်ဝင်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ပြုံးပြုံးအေး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| ကယားပြည်နယ် တရားလွှတ်တော် | တရားသူကြီးချုပ် ဦးကျော်လင်းမောင် | ၂၉.၂.၂၀၁၂ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်သန်းသန်းအေး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးတင်ရွှေ | ၂၉.၂.၂၀၁၂ မှ ၁၈.၉.၂၀၁၇ ထိ |
| | တရားသူကြီး ဒေါ်စဝ်ဥမ္မာကြည် | ၂၉.၁၁.၂၀၁၇ မှ ယနေ့အထိ |
| ကရင်ပြည်နယ် တရားလွှတ်တော် | တရားသူကြီးချုပ် ဦးစောစံလင်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးသိန်းကိုကို | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ခင်ဆွေထွန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| ချင်းပြည်နယ် တရားလွှတ်တော် | တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးလှတင် | ၃၀.၃.၂၀၁၁ မှ ၂၄.၇.၂၀၁၇ ထိ |
| | တရားသူကြီး ဦးမြင့်သိန်းထွန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးတဲရင့်စ်စံမွိုင်းနီခွဲ | ၄.၈.၂၀၁၇ မှ ယနေ့အထိ |
| မွန်ပြည်နယ် တရားလွှတ်တော် | တရားသူကြီးချုပ် ဦးခင်မောင်ကြီး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးသိန်းမြင့် | ၃၀.၃.၂၀၁၁ မှ ၈.၁၀.၂၀၁၇ ထိ |
| | တရားသူကြီး ဦးညီညီစိုး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ရွှေမြင့်အေး | ၇.၁၂.၂၀၁၇ မှ ယနေ့အထိ |

| | | |
|---|---|---|
| ရှမ်းပြည်နယ် တရားလွှတ်တော် | တရားသူကြီးချုပ် ဦးကြွယ်ကြွယ် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ခင်မေတင့် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးခင်မောင်ဌေး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| ရခိုင်ပြည်နယ် တရားလွှတ်တော် | တရားသူကြီးချုပ် ဦးကျော်ဇက် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးသိန်းအောင် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်စန်းစန်းရီ | ၁၉.၁၁.၂၀၁၃မှ ယနေ့အထိ |
| စစ်ကိုင်းတိုင်း ဒေသကြီး တရားလွှတ်တော် | တရားသူကြီးချုပ် ဦးဝင်းမြင့် | ၁၀.၁၂.၂၀၁၄မှယနေ့အထိ |
| | တရားသူကြီး ဦးမျိုးမောင် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ချယ်ရီကြည် | ၂၉.၁၂.၂၀၁၄မှယနေ့အထိ |
| မကွေးတိုင်း ဒေသကြီး တရားလွှတ်တော် | တရားသူကြီးချုပ် ဦးစိန်ထွန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးမြင့်သိန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်နုယဉ် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| မန္တလေးတိုင်း ဒေသကြီး တရားလွှတ်တော် | တရားသူကြီးချုပ် ဦးစိုးသိန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်တင်နွယ်ဝင်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ခင်သင်းဝေ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ကြင်သောင်း(ခ) | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | ဒေါ်လေးလေးမွန် | |
| | တရားသူကြီး ဦးကြည်သိန်း(ခ) | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | ဦးကြည်သိန်းအောင် | |
| | တရားသူကြီး ဒေါ်လှလှရီ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးသောင်းညွန့် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| ပဲခူးတိုင်း ဒေသကြီး တရားလွှတ်တော် | တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးတင်ဟုန်(ခ)ဦးယုကျုံး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးမောင်မောင်အေး | ၂၆.၅.၂၀၁၆ မှ ယနေ့ထိ |
| | တရားသူကြီး ဒေါ်လွင်လွင်အေးကျော် | ၂၆.၅.၂၀၁၆ မှ ယနေ့ထိ |
| တနင်္သာရီတိုင်း ဒေသကြီး တရားလွှတ်တော် | တရားသူကြီးချုပ် ဦးတင်အောင် | ၂၂.၇.၂၀၁၆ မှ ယနေ့အထိ |
| | တရားသူကြီး ဦးခင်မောင်မောင် | ၂၈.၉.၂၀၁၆မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ခင်မာဌေး | ၂၈.၉.၂၀၁၆မှ ၁.၁၁.၂၀၁၇ထိ |
| ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော် | တရားသူကြီးချုပ် ဦးဝင်းဆွေ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးလှအေး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်စန္ဒာသွယ် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်စိုးစိုးအောင် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်အေးသန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်သင်းသင်းနွဲ့ | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးအောင်နိုင် | ၁၂.၄.၂၀၁၇ မှ ယနေ့အထိ |
| ဧရာဝတီတိုင်း ဒေသကြီး တရားလွှတ်တော် | တရားသူကြီးချုပ် ဦးသန်းထွန်း | ၁၇.၈.၂၀၁၂ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်သိန်းသိန်းညွန့် | ၃၀.၃.၂၀၁၁ မှ ၁၅.၉.၂၀၁၇ထိ |
| | တရားသူကြီး ဦးကျော်မင်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးမျိုးညွန့် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးဝင်းမြင့် | ၁၇.၈.၂၀၁၂ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန် | ၂၁.၁၂.၂၀၁၇ မှ ယနေ့အထိ |

**ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး**

ခရိုင်တရားရုံးသည် ခရိုင်အသီးသီးတွင် တည်ရှိပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတို့ တည်ထောင်ရန် ဖြစ်ပါသည်။ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတရားရုံးတို့သည် ဒုတိယအနိမ့်ဆုံးတရားရုံးဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတို့ကို တည်ထောင်ပြီးဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ စာရင်းအရ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး(၂)ရုံး အပါအဝင် ခရိုင်တရားရုံးစုစုပေါင်း(၇၂)ရုံး ရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများ၏ တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

ခရိုင်တရားရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ပေးခန့်အပ်ထားသော ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယခရိုင်တရားသူကြီးတို့ ရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးနှင့် ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးတို့ရှိပါသည်။ ခရိုင်တရားရုံးတစ်ရုံး၏ တရားသူကြီးအရေအတွက်သည် ၎င်း၏ လုပ်ငန်းပမာဏအပေါ်တွင် မူတည်ပါသည်။ ခရိုင်တရားရုံးတွင် တရားမမှုနှင့် ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကို ကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများမှ ချမှတ်လိုက်သော စီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့် အာဏာများလည်း ရှိပါသည်။ ခရိုင်တရားရုံးရှိ အမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ပါသည်။ လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးစီရင်နိုင်ပါသည်။

ခရိုင်တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာတရားလွှတ်တော်၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့၏သက်ဆိုင်ရာစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများအားလုံး၏ တရားစီရင်ရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ရန်တာဝန်ရှိသည်။



*ပြည်ခရိုင်တရားရုံး*

***ခရိုင်တရားရုံး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၏စီရင်ပိုင်ခွင့်***

| | | |
|---|---|---|
| ရာဇဝတ်စီရင်ပိုင်ခွင့် | ဥပဒေကခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ်မှုလမှု စီရင်ပိုင်ခွင့် | |
| | ၎င်း၏ဒေသနယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့် | |
| တရားမစီရင်ပိုင်ခွင့် | ခရိုင်တရားသူကြီး/ တွဲဖက်ခရိုင်တရားသူကြီး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး | ကျပ် သိန်း ၁၀၀၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမှုများအပေါ် မူလမှုစီရင်ပိုင်ခွင့် |
| | ဒုတိယခရိုင်တရားသူကြီး/ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး | ကျပ် သိန်း ၅၀၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမှုများအပေါ် မူလမှုစီရင်ပိုင်ခွင့် |
| | ခရိုင်တရားသူကြီး/ တွဲဖက်ခရိုင်တရားသူကြီး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး ဒုတိယခရိုင်တရားသူကြီး/ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး | ၎င်း၏ ဒေသနယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့် |

## မြို့နယ်တရားရုံး

မြို့နယ်တရားရုံးသည် မူလရုံးဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ စာရင်းအရ မြို့နယ်တရားရုံးစုစုပေါင်း(၃၃၀)ရုံးရှိပါသည်။ မြို့နယ်တရားရုံးတစ်ရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ပေးခန့်အပ်ထားသော မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့ရှိပါသည်။ မြို့နယ်တရားရုံးတစ်ရုံး၏ တရားသူကြီးအရေအတွက်သည် ၎င်းရုံး၏လုပ်ငန်းပမာဏအပေါ်တွင် မူတည်ပါသည်။

မြို့နယ်တရားရုံးများသည် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှုစီရင်ပိုင်ခွင့်ရှိပါသည်။ မြို့နယ်တရားရုံးရှိအမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။

*မြို့နယ်တရားရုံး၏စီရင်ပိုင်ခွင့်*

| | | |
|---|---|---|
| ရာဇဝတ် စီရင်ပိုင်ခွင့် | မြို့နယ်/တွဲဖက်မြို့နယ် တရားသူကြီး | ထောင်ဒဏ် ၇ နှစ်အထိနှင့် ငွေဒဏ်အကန့်အသတ်မရှိ |
| | ပထမတန်းရာဇဝတ် တရားသူကြီး | ထောင်ဒဏ် ၃ နှစ်အထိနှင့် ငွေဒဏ် ၁၀၀၀၀၀ ကျပ်အထိ |
| | ဒုတိယတန်းရာဇဝတ် တရားသူကြီး | ထောင်ဒဏ် ၁ နှစ်အထိနှင့် ငွေဒဏ် ၅၀၀၀၀ကျပ်အထိ |
| | တတိယတန်းရာဇဝတ် တရားသူကြီး | ထောင်ဒဏ် ၃ လအထိနှင့် ငွေဒဏ် ၃၀၀၀၀ ကျပ်အထိ |
| တရားမ စီရင်ပိုင်ခွင့် | မြို့နယ်/တွဲဖက်မြို့နယ် တရားသူကြီး | ကျပ် သိန်း ၁၀၀ ထက်မပိုသော အမှုတန်ဖိုးရှိသည့် တရားမမှုများ |
| | ဒုတိယမြို့နယ်တရားသူကြီး | ကျပ် သိန်း ၃၀ ထက်မပိုသော အမှုတန်ဖိုးရှိသည့် တရားမမှုများ |

**ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ**

သီးခြားမှုခင်းကိစ္စရပ်များကို ကြားနာစစ်ဆေးရန်အတွက် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများကို မြို့နယ်အဆင့်တရားရုံးအဖြစ် တည်ထောင်ထားပါသည်။ အဆိုပါတရားရုံးများတွင် အောက်ပါတို့ပါဝင်ပါသည်-

* ကလေးသူငယ်တရားရုံးများ
* စည်ပင်သာယာတရားရုံးများ
* မော်တော်ယာဉ်တရားရုံးများ

***ကလေးသူငယ်တရားရုံးများ***

ကလေးသူငယ်ဥပဒေအရ ကလေးသူငယ်များကျူးလွန်သည့် ပြစ်မှုများကို ကြားနာစစ်ဆေးရန်အတွက် ကလေးသူငယ်တရားရုံးများကို သီးခြားတည်ထောင်ထားပါသည်။ မြို့နယ်အဆင့်တရားရုံးများဖြစ်သော်လည်း ကလေးသူငယ်တရားသူကြီးသည် မှုခင်း၏ကြီးလေးမှုနှင့်မသက်ဆိုင်ဘဲ ပြစ်ဒဏ်အားလုံးကိုစီရင်နိုင်သည့် သီးခြားစီရင်ပိုင်ခွင့်အာဏာရှိပါသည်။

ကလေးသူငယ်တရားရုံး(ရန်ကုန်တိုင်းဒေသကြီး)သည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နမိတ်အတွင်းရှိ မြို့နယ်(၂၀)တွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်း ဖြစ်ပါသည်။ ကလေးသူငယ်တရားရုံး(မန္တလေးတိုင်းဒေသကြီး)သည် မန္တလေးမြို့တော်စည်ပင်သာယာနယ်နမိတ်အတွင်းရှိ မြို့နယ်(၅)မြို့နယ်တွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်း ဖြစ်ပါသည်။ ထိုတရားရုံးများတွင် ကလေးသက်သေစစ်ဆေးခန်းအပါအဝင် တရားရုံးအထောက်အကူပြုပစ္စည်းများနှင့် ကလေးသူငယ်များ သက်တောင့်သက်သာရှိစေမည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်အတွက် ကိရိယာများတပ်ဆင်ထားပါသည်။

ဖော်ပြပါရုံးများအပြင် ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးကိုပါ ပူးတွဲဖွင့်လှစ်ထားရှိပါသည်။

***စည်ပင်သာယာတရားရုံးများ***

စည်ပင်သာယာမှုခင်းများကို လျင်မြန်ထိရောက်စွာစစ်ဆေးစီရင်နိုင်ရန် စည်ပင်သာယာတရားရုံးများ တည်ထောင်ထားပါသည်။ စည်ပင်သာယာတရားရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

***မော်တော်ယာဉ်တရားရုံးများ***

ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းချိုးဖောက်သူများကို စစ်ဆေးစီရင်ရန်အတွက် မော်တော်ယာဉ်တရားရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

## တရားရုံးစီမံခန့်ခွဲမှု

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို အထောက်အကူပြုသည့် ကော်မတီနှင့်အဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ ထိုကော်မတီများသည် တရားစီရင်ရေးရာကိစ္စရပ်များနှင့် တရားရုံးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၃၁-၁၂-၂၀၁၇ ရက်နေ့အထိ ဖွဲ့စည်းထားသည့် ကော်မတီများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများပါဝင်သော **ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေး ဦးဆောင်သော **ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့် ဦးဆောင်သော **မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့် ဦးဆောင်သော **ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူဥပဒေရေးရာဝန်ကြီးဌာနတို့၏ ပူးတွဲကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြသိမ်း ဦးဆောင်သော **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသော ဥပဒေများစိစစ်ရေးအဖွဲ့**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြသိမ်း ဦးဆောင်သော **ကျင့်ဝတ်စည်းကမ်းများ ပြန်လည်သုံးသပ်ရေးကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြသိမ်း ဦးဆောင်သော **လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေမူကြမ်းရေးဆွဲရေးအဖွဲ့**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဦးဆောင်သော **တိုင်ကြားစာစိစစ်ပြန်ကြားရေးကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း ဦးဆောင်သော **e-Government အကောင်အထည်ဖော်ရေးကော်မတီ**
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော **မဟာဗျူဟာစီမံကိန်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ**

အားလုံးသော ကော်မတီများတွင် အဆင့်မြင့်တရားရေးအရာရှိကြီးများက ပါဝင်ကူညီဆောင်ရွက်ပါသည်။ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းများကို သီးသန့်ဆောင်ရွက်ရန် ရည်ရွယ်၍ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားပါသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံစနစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းတာဝန်များကို ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့က ကူညီထောက်ပံ့ဆောင်ရွက်ပေးပါသည်။




### *ပြည်ထောင်စုတရားသူကြီးချုပ်ရုံး*

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ရုံးအဖွဲ့မှူး၏ ကြီးကြပ်မှုအောက်တွင် ဌာနခွဲနှစ်ခုထားရှိပါသည်။






### *ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး*

ညွှန်ကြားရေးမှူးချုပ် တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာ ၊ ဘတ်ဂျက်နှင့်ထောက်ပံ့၊ လေ့ကျင့်၊ သတင်းအချက်အလက် နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် သုတေသနလုပ်ငန်းများ အတွက် ဌာနကြီးငါးခုဖြင့် ဆောင်ရွက်လျက် ရှိပါသည်။




### *ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး*

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် တရားသူကြီးများ ရုံးထိုင်ခြင်းနှင့် စီရင်ချက်များ အတည်ပြုခြင်း အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးလုပ်ငန်းများ၊ ဥပဒေများ သုံးသပ်ခြင်းနှင့် မူကြမ်းရေးဆွဲခြင်း၊ လက်အောက်ခံတရားရုံးများ၏ တရားစီရင်ရေး လုပ်ငန်းများနှင့် ရှေ့နေရှေ့ရပ်ကိစ္စများကို ကြီးကြပ်ရန်အတွက် ဌာနကြီးငါးခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

## ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများကို စီမံဆောင်ရွက်ပါသည်။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသော ဘဏ္ဍာရေးနှစ်တွင် ကောက်ခံရမည့်ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေ (သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်)တို့ကို စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်အား လုပ်ပိုင်ခွင့်အပ်နှင်း၍ ဆောင်ရွက်ပါသည်။

လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသည့် ညွှန်ကြားရေးမှူးချုပ်သည် မိမိလက်အောက်ရှိ ဌာနဆိုင်ရာပုဂ္ဂိုလ်အား ထပ်မံ၍ လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသော ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေတို့ကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး(ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန) အား အပ်နှင်းဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက် ရငွေသုံးငွေများကို ဘတ်ဂျက်နှင့် ထောက်ပံ့ဌာနသို့ လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်ခံတရားရုံးများ အတွက် ရငွေသုံးငွေများကို တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများသို့လည်းကောင်း ခွဲဝေ၍ စီမံဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေအားလုံး၏ ၀.၁၆၆% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ်ငွေအားလုံး၏ ၀.၀၀၉% ကိုလည်းကောင်း ခွဲဝေရရှိခဲ့ပြီး၊ ၂၀၁၇-၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေအားလုံး၏ ၀.၁၈၅% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ်ငွေအားလုံး၏ ၀.၁၀၁% ကိုလည်းကောင်း ခွဲဝေရရှိခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်၊ သာမန်အသုံးစရိတ်တို့နှင့်စပ်လျဉ်း၍ ခွင့်ပြုငွေ၊ အမှန်သုံးစွဲငွေများကို ဇယားဖြင့် နှိုင်းယှဉ်ဖော်ပြပါသည်။

### *၂၀၁၆ -၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက် ခွင့်ပြုငွေ နှင့်သုံးစွဲမှုအခြေအနေ (ကျပ်သန်းပေါင်း)*

| စဉ် | ငွေစာရင်းခေါင်းစဉ် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရရှိမှု ရာခိုင်နှုန်း | | သုံးစွဲမှု အခြေအနေ | ၂၀၁၆- ၂၀၁၇ | ၂၀၁၇- ၂၀၁၈ |
|---|---|---|---|---|---|---|
| | | ၂၀၁၆- ၂၀၁၇ | ၂၀၁၇- ၂၀၁၈ | | | |
| ၁။ | ငွေလုံးငွေရင်းစရိတ် | ၀.၁၆၆% | ၀.၁၈၅% | ခွင့်ပြုငွေ | ၈၂၁၆.၉၆၃ | ၈၃၁၅.၈၈၁ |
| | | | | အမှန်သုံးငွေ | ၈၁၇၀.၉၆၉ | ၃၇၉၃.၆၈၄* |
| | | | | ပြန်အပ်ငွေ | ၄၅.၉၉၄ | ၅၂.၄၅၉** |
| ၂။ | သာမန်အသုံးစရိတ် | ၀.၀၀၉% | ၀.၁၀၁% | ခွင့်ပြုငွေ | ၁၅၂၇၉.၈၉၉ | ၁၅၇၄၀.၀၀၀ |
| | | | | အမှန်သုံးငွေ | ၁၄၅၉၅.၅၉၁ | ၁၀၇၄၁.၆၂၂*** |
| | | | | ပြန်အပ်ငွေ | ၆၈၄.၃၀၈ | မရရှိနိုင်သေး**** |

---

* ***ငွေလုံးငွေရင်းအသုံးစရိတ်***တွင် *အမှန်သုံးငွေမှာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အသုံးပြုပြီးသည့်ငွေကို ဖော်ပြခြင်းဖြစ်ပါသည်။*

** ***ငွေလုံးငွေရင်းအသုံးစရိတ်***တွင် *လုပ်ငန်းစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ခေါင်းစဉ်အောက်တွင် မြောက်ဥက္ကလာပမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ ဒက္ခိဏခရိုင်နှင့် မြို့နယ်တရားရုံးများရှိ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများတွင် ဆောက်လုပ်သည့် ကုမ္ပဏီများ၏ တင်ဒါတန်ဖိုးမှာ ခွင့်ပြုငွေထက် လျော့နည်းနေသဖြင့် ပိုလျှံငွေကို ပြန်လည်အပ်နှံရခြင်း ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့ထိ ပြန်အပ်ပြီးသည့်ငွေကို ဖော်ပြခြင်းဖြစ်ပါသည်။*

*** ***သာမန်အသုံးစရိတ်***တွင် *အမှန်သုံးငွေမှာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အသုံးပြုပြီးသည့်ငွေကို ဖော်ပြခြင်းဖြစ်ပါသည်။*

**** *ပြန်အပ်ငွေသည် ဘဏ္ဍာရေးနှစ်ကုန်မှ ပြန်အပ်ရမည်ဖြစ်၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြန်အပ်ငွေကို ဖော်ပြနိုင်ခြင်း မရှိသေးပါ။*

# ၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများ

### တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာပြောင်းလဲသတ်မှတ်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၂၁/၂၀၁၇)ဖြင့် လောက်ကိုင်ခရိုင်တရားရုံးအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးအဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊စက်တင်ဘာလ ၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၆၉/၂၀၁၇)ဖြင့် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးအား ဖွဲ့စည်းထားရှိပြီး၊ ရှားမြို့နယ်နှင့် ပင်းတယမြို့နယ်များတွင် ဖြစ်ပွားသော ရာဇဝတ်မှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခဲ့ပါသည်။

### မှုခင်းများစစ်ဆေးစီရင်ခြင်း

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မှုခင်းများစစ်ဆေးစီရင်မှု အခြေအနေကို ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း၊ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း၊ စစ်ဆေးဆဲအမှုများ၏သက်တမ်း၊ အယူခံတက်ရောက်မှုနှုန်း၊ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှုနှင့် အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားခြင်းစသည့် စံနှုန်းများပေါ် မူတည်၍ နှိုင်းယှဉ်ဖော်ပြထားပါသည်။

## ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အမီ လုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။ [၁]

### *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို **ဇယား(၁)** တွင် ဖော်ပြထားပါသည်။ ၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စွဲဆိုလျှောက်ထားသည့် အမှုပေါင်း ၄၃၄၄ ရှိပြီး ပြီးပြတ်မှုသည် ၃၈၂၃ မှု ဖြစ်ပါသည်။ အမှုပြီးပြတ်မှုသည် ယခင်နှစ်ထက် ၀.၃% ပိုမိုများပြားခဲ့သော်လည်း၊ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် ၄% ပိုမို များပြားလာသဖြင့် ပြီးပြတ်မှုနှုန်းအနည်းငယ်လျော့နည်းခဲ့ခြင်း ဖြစ်ပါသည်။

[၁] *အမှုပြီးပြတ်နှုန်းကို တွက်ချက်ရာတွင် ပြက္ခဒိန်နှစ်အတွင်း တရားရုံးသို့ စွဲဆိုတင်ပို့သော အမှုအရေအတွက်နှင့် စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်သည် ယခင်နှစ်လက်ကျန်အမှုများနှင့် ယခုနှစ်အတွင်း စွဲဆိုတင်ပို့သော အမှုများမှ စစ်ဆေးဆုံးဖြတ်ခဲ့သည့် စုစုပေါင်း အမှုအရေအတွက်ဖြစ်ပါသည်။ ရွှေ့ပြေးတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းကိုလည်း အလားတူတွက်ချက်ထားပါသည်။*

**ဇယား. ၁ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇**

| အမှု | အမှုအမျိုးအစား | ခုနှစ် | | |
|---|---|---|---|---|
| | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
| စွဲဆို | ရာဇဝတ် | ၁၃၈၄ | ၁၃၈၂ | ၁၅၄၃ |
| | တရားမ | ၂၃၉၃ | ၂၄၉၅ | ၂၅၀၃ |
| | စာချွန် | ၂၁၂ | ၃၀၀ | ၂၄၈ |
| | **စုစုပေါင်း** | ၃၉၈၉ | ၄၁၇၇ | ၄၃၄၄ |
| ပြီးပြတ် | ရာဇဝတ် | ၁၂၆၉ | ၁၂၆၉ | ၁၃၂၂ |
| | တရားမ | ၂၀၇၂ | ၂၃၅၀ | ၂၂၁၄ |
| | စာချွန် | ၂၂၀ | ၁၉၂ | ၂၈၇[၂] |
| | **စုစုပေါင်း** | ၃၅၆၁ | ၃၈၁၁ | ၃၈၂၃ |
| အမှုပြီးပြတ်နှုန်း | ရာဇဝတ် | ၉၂% | ၉၂% | ၈၆% |
| | တရားမ | ၈၇% | ၉၄% | ၈၈% |
| | စာချွန် | ၁၀၄% | ၆၄% | ၉၆% |
| | **စုစုပေါင်း** | ၈၉% | ၉၁% | ၈၈% |




*ပုံ ၁. ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇*

---

[၂] *စာချွန်တော်လျှောက်ထားမှုများအပေါ်ပြီးပြတ်မှုများအနက် အာဏာပေးစာချွန်တော် ၇ မှု၊ အာဏာပိုင်မေး စာချွန်တော် ၃ မှု၊ အမှုခေါ်စာချွန်တော် ၁၅ မှုတို့ကို လျှောက်ထားသည့်အတိုင်း ခွင့်ပြု၍ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များကို ပယ်ဖျက်ခဲ့ပြီး၊ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခဲ့ပါသည်။*

*တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း*

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို **ဇယား** (၂) တွင် ဖော်ပြထားပါသည်။ ၂၀၁၇ ခုနှစ်တွင် တရားလွှတ်တော်များသို့ စွဲဆိုသည့်အမှုပေါင်း ၁၂၂၄၂ မှ ရှိပြီး ပြီးပြတ်မှုသည် ၁၀၇၇၇ မှုဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် ၁၁ % ပိုမိုများပြားခဲ့ကာ မှုခင်းအားလုံး၏ ပြီးပြတ်မှုသည် ယခင်နှစ်ထက် ၀.၅% ပိုမိုများပြားခဲ့ပါသည်။

ဇယား . ၂ တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇

| အမှု | အမှုအမျိုးအစား | ခုနှစ် | | |
|---|---|---|---|---|
| | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
| စွဲဆို | ရာဇဝတ် | ၆၂၆၇ | ၅၂၂၇ | ၆၂၀၂ |
| | တရားမ | ၄၈၀၀ | ၅၇၈၂ | ၆၀၄၀ |
| | **စုစုပေါင်း** | ၁၁၀၆၇ | ၁၁၀၀၉ | ၁၂၂၄၂ |
| ပြီးပြတ် | ရာဇဝတ် | ၆၃၉၈ | ၅၅၉၉ | ၅၇၀၆ |
| | တရားမ | ၄၄၂၀ | ၅၁၂၇ | ၅၀၇၁ |
| | **စုစုပေါင်း** | ၁၀၈၁၈ | ၁၀၇၂၆ | ၁၀၇၇၇ |
| အမှုပြီးပြတ်နှုန်း | ရာဇဝတ် | ၁၀၂% | ၁၀၇% | ၉၂% |
| | တရားမ | ၉၂% | ၈၉% | ၈၄% |
| | **စုစုပေါင်း** | ၉၈% | ၉၈% | ၈၈% |




*ပုံ ၂. တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇*

၂၀၁၇ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၃)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ အနက်ရာဇဝတ်မှုများတွင် အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးမှာ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်ဖြစ်ပြီး၊ တရားမမှုများတွင် အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးမှာ ချင်းပြည်နယ် တရားလွှတ်တော် ဖြစ်ပါသည်။

**ဇယား.၃ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တရားလွှတ်တော်များ၏ အမှုပြီးပြတ်မှုနှုန်း ၂၀၁၇**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်နှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲဆို | ပြီးပြတ် | စွဲဆို | ပြီးပြတ် | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၃၀၄ | ၂၉၂ | ၁၅၃ | ၁၅၉ | ၉၆% | ၁၀၄% |
| ၂ | ကယား | ၄၇ | ၃၄ | ၂၄ | ၁၉ | ၇၂% | ၇၉% |
| ၃ | ကရင် | ၁၉၄ | ၁၈၃ | ၇၆ | ၇၈ | ၉၄% | ၁၀၃% |
| ၄ | ချင်း | ၃၇ | ၃၁ | ၄ | ၆ | ၈၄% | ၁၅၀% |
| ၅ | စစ်ကိုင်း | ၈၃၂ | ၇၀၁ | ၄၆၁ | ၃၇၄ | ၈၄% | ၈၁% |
| ၆ | တနင်္သာရီ | ၂၇၃ | ၂၃၀ | ၁၃၀ | ၁၀၉ | ၈၄% | ၈၄% |
| ၇ | ပဲခူး | ၄၅၅ | ၅၈၉ | ၅၂၅ | ၅၁၂ | ၁၂၉% | ၉၈% |
| ၈ | မကွေး | ၄၆၈ | ၃၉၁ | ၃၃၂ | ၂၇၇ | ၈၄% | ၈၃% |
| ၉ | မန္တလေး | ၁၁၈၆ | ၁၀၃၁ | ၁၃၂၆ | ၁၂၁၉ | ၈၇% | ၉၂% |
| ၁၀ | မွန် | ၃၄၂ | ၂၅၁ | ၃၃၀ | ၂၇၄ | ၇၃% | ၈၃% |
| ၁၁ | ရခိုင် | ၂၁၈ | ၂၁၀ | ၇၉ | ၇၃ | ၉၆% | ၉၂% |
| ၁၂ | ရန်ကုန် | ၈၆၇ | ၈၂၅ | ၁၈၀၁ | ၁၂၆၃ | ၉၅% | ၇၀% |
| ၁၃ | ရှမ်း | ၆၄၂ | ၅၈၃ | ၃၂၄ | ၂၈၀ | ၉၁% | ၈၆% |
| ၁၄ | ဧရာဝတီ | ၃၃၇ | ၃၅၅ | ၄၇၅ | ၄၂၈ | ၁၀၅% | ၉၀% |




*ပုံ ၃. တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တရားလွှတ်တော်များ၏ အမှုပြီးပြတ်မှုနှုန်း*

***ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း***

ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို **ဇယား** (၄) တွင် ဖော်ပြထားပါသည်။ ၂၀၁၇ ခုနှစ်တွင် ခရိုင်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း ၃၃၁၂၂ မှု ရှိပြီး ပြီးပြတ်မှုသည် ၃၀၀၅၈ မှု ဖြစ်ပါသည် ။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် ၇.၅ % ပိုမိုများပြားခဲ့ကာ မှုခင်းအားလုံး၏ ပြီးပြတ်မှုသည် ယခင်နှစ်ထက် ၇ % ပိုမိုများပြားခဲ့ပါသည်။

ဇယား. ၄ ခရိုင်တရားရုံးများ၏ အမှုအမျိုးအစားနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇

| **အမှု** | **အမှုအမျိုးအစား** | **ခုနှစ်** | | |
|---|---|---|---|---|
| | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
| စွဲဆို | ရာဇဝတ် | ၁၃၆၉၇ | ၁၈၀၃၄ | ၂၀၄၇၈ |
| | တရားမ | ၁၂၂၁၃ | ၁၂၇၈၄ | ၁၂၆၄၄ |
| | **စုစုပေါင်း** | ၂၅၉၁၀ | ၃၀၈၁၈ | ၃၃၁၂၂ |
| ပြီးပြတ် | ရာဇဝတ် | ၁၄၁၅၈ | ၁၆၅၂၀ | ၁၈၈၂၀ |
| | တရားမ | ၁၀၉၆၅ | ၁၁၅၄၆ | ၁၁၂၃၈ |
| | **စုစုပေါင်း** | ၂၅၁၂၃ | ၂၈၀၆၆ | ၃၀၀၅၈ |
| အမှုပြီးပြတ်နှုန်း | ရာဇဝတ် | ၁၀၃% | ၉၁% | ၉၂% |
| | တရားမ | ၈၉% | ၉၀% | ၈၉% |
| | **စုစုပေါင်း** | ၉၇% | ၉၁% | ၉၁% |




*ပုံ ၄. ခရိုင်တရားရုံးများ၏ အမှုအမျိုးအစားနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇*

၂၀၁၇ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား** (၅) တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် ခရိုင်တရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းကို ကြည့်လျှင် ရာဇဝတ်မှုများတွင် ရှမ်းပြည်နယ်သည် အမြင့်ဆုံးဖြစ်ပြီး၊တရားမမှုများတွင်လည်း ရှမ်းပြည်နယ်သည် အမြင့်ဆုံး ဖြစ်ပါသည်။

ဇယား.၅ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း ၂၀၁၇

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်နှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲဆို | ပြီးပြတ် | စွဲဆို | ပြီးပြတ် | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၁၂၁၃ | ၁၀၃၄ | ၂၆၃ | ၂၂၅ | ၈၅% | ၈၆% |
| ၂ | ကယား | ၁၃၆ | ၁၃၁ | ၇၉ | ၅၈ | ၉၆% | ၇၃% |
| ၃ | ကရင် | ၈၂၅ | ၇၈၃ | ၁၂၂ | ၁၃၀ | ၉၅% | ၁၀၇% |
| ၄ | ချင်း | ၈၇ | ၇၉ | ၂၃ | ၁၉ | ၉၁% | ၈၃% |
| ၅ | စစ်ကိုင်း | ၂၅၆၁ | ၂၃၇၄ | ၉၄၉ | ၈၀၄ | ၉၃% | ၈၅% |
| ၆ | တနင်္သာရီ | ၈၆၂ | ၇၈၈ | ၂၆၃ | ၂၄၃ | ၉၁% | ၉၂% |
| ၇ | ပဲခူး | ၁၅၃၅ | ၁၄၁၈ | ၁၄၁၇ | ၁၃၁၅ | ၉၂% | ၉၃% |
| ၈ | မကွေး | ၁၁၁၇ | ၉၅၂ | ၇၈၃ | ၆၄၆ | ၈၅% | ၈၃% |
| ၉ | မန္တလေး | ၃၁၂၂ | ၂၇၆၆ | ၂၈၀၅ | ၂၂၇၂ | ၈၉% | ၈၁% |
| ၁၀ | မွန် | ၇၈၇ | ၇၇၀ | ၅၁၅ | ၄၆၇ | ၉၈% | ၉၁% |
| ၁၁ | ရခိုင် | ၈၃၁ | ၇၄၀ | ၁၉၂ | ၁၉၅ | ၈၉% | ၁၀၂% |
| ၁၂ | ရန်ကုန် | ၂၇၉၅ | ၂၄၈၁ | ၃၆၃၉ | ၃၃၄၀ | ၈၉% | ၉၂% |
| ၁၃ | ရှမ်း | ၃၁၅၈ | ၃၂၄၃ | ၅၅၂ | ၅၉၆ | ၁၀၃% | ၁၀၈% |
| ၁၄ | ဧရာဝတီ | ၁၄၄၉ | ၁၂၆၁ | ၁၀၄၂ | ၉၂၈ | ၈၇% | ၈၉% |




ပုံ ၅. *တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း*

***မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း***

မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို **ဇယား** (၆) တွင် ဖော်ပြထားပါသည်။ ၂၀၁၇ ခုနှစ်တွင် မြို့နယ်တရားများသို့ စွဲဆိုသည့်အမှုပေါင်း ၃၉၂၅၄၃ ရှိပြီး ပြီးပြတ်မှုသည် ၃၇၉၅၇၈ မှု ဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် ၅.၈% ပိုမိုများပြားခဲ့ကာ မှုခင်းအားလုံး၏ ပြီးပြတ်မှုသည် ယခင်နှစ်ထက် ၄% ပိုမိုများပြားခဲ့ပါသည်။

ဇယား. ၆ မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇

| အမှု | အမှုအမျိုးအစား | ခုနှစ် | | |
|---|---|---|---|---|
| | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
| စွဲဆို | ရာဇဝတ် | ၃၁၇၂၄၆ | ၃၄၆၆၆၉ | ၃၆၅၂၅၆ |
| | တရားမ | ၂၃၅၀၆ | ၂၄၁၆၆ | ၂၇၂၈၇ |
| | **စုစုပေါင်း** | ၃၄၀၇၅၂ | ၃၇၀၈၃၅ | ၃၉၂၅၄၃ |
| ပြီးပြတ် | ရာဇဝတ် | ၃၁၅၉၈၈ | ၃၄၁၅၈၇ | ၃၅၅၃၅၁ |
| | တရားမ | ၂၃၀၃၉ | ၂၃၇၅၇ | ၂၄၂၂၇ |
| | **စုစုပေါင်း** | ၃၃၉၀၂၇ | ၃၆၅၃၄၄ | ၃၇၉၅၇၈ |
| အမှုပြီးပြတ်နှုန်း | ရာဇဝတ် | ၁၀၀% | ၉၉% | ၉၇% |
| | တရားမ | ၉၈% | ၉၈% | ၈၉% |
| | **စုစုပေါင်း** | ၉၉% | ၉၈% | ၉၇% |




ပုံ ၆. မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇

၂၀၁၇ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၇)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းကို ကြည့်လျှင် ရာဇဝတ်မှုများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသည် ၉၅ ရာခိုင်နှုန်းနှင့်အထက် ပြီးပြတ်ခဲ့ပါသည်။ တရားမမှုများတွင် တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်များသည် အမြင့်ဆုံး ဖြစ်ပါသည်။

ဇယား.၇ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း ၂၀၁၇

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်နှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲတင် | ပြီးပြတ် | စွဲတင် | ပြီးပြတ် | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၁၄၀၂၁ | ၁၃၉၂၉ | ၃၅၅ | ၂၇၄ | ၉၉% | ၇၇% |
| ၂ | ကယား | ၈၆၀ | ၈၄၅ | ၇၀ | ၆၇ | ၉၈% | ၉၆% |
| ၃ | ကရင် | ၆၃၂၅ | ၆၁၆၀ | ၁၄၈ | ၁၂၅ | ၉၇% | ၈၄% |
| ၄ | ချင်း | ၃၅၁၃ | ၃၄၃၆ | ၆၈ | ၆၄ | ၉၈% | ၉၄% |
| ၅ | စစ်ကိုင်း | ၃၈၉၆၄ | ၃၇၇၇၆ | ၂၂၉၇ | ၁၉၂၈ | ၉၇% | ၈၄% |
| ၆ | တနင်္သာရီ | ၁၁၃၅၂ | ၁၁၀၉၆ | ၃၆၀ | ၃၆၃ | ၉၈% | ၁၀၁% |
| ၇ | ပဲခူး | ၆၀၃၀၇ | ၅၉၂၁၀ | ၄၃၈၁ | ၃၈၉၈ | ၉၈% | ၈၉% |
| ၈ | မကွေး | ၃၀၄၉၃ | ၂၉၉၈၄ | ၂၄၁၃ | ၂၁၁၆ | ၉၈% | ၈၈% |
| ၉ | မန္တလေး | ၅၁၈၄၂ | ၄၉၉၇၈ | ၄၇၇၇ | ၄၁၆၈ | ၉၆% | ၈၇% |
| ၁၀ | မွန် | ၁၁၅၉၃ | ၁၁၁၆၆ | ၉၀၉ | ၇၄၉ | ၉၆% | ၈၂% |
| ၁၁ | ရခိုင် | ၉၀၇၀ | ၈၆၈၈ | ၈၅၇ | ၈၂၈ | ၉၆% | ၉၇% |
| ၁၂ | ရန်ကုန် | ၆၁၉၃၀ | ၅၈၇၅၂ | ၃၅၉၀ | ၃၃၈၈ | ၉၅% | ၉၄% |
| ၁၃ | ရှမ်း | ၁၅၇၅၀ | ၁၅၅၆၇ | ၆၅၀ | ၆၀၉ | ၉၉% | ၉၄% |
| ၁၄ | ဧရာဝတီ | ၄၉၂၃၆ | ၄၈၇၆၄ | ၆၄၁၂ | ၅၆၅၀ | ၉၉% | ၈၈% |




*ပုံ ၇. တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း ၂၀၁၇*

### *အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း*

အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို **ဇယား (၈)** တွင် ဖော်ပြထားပါသည်။ အခြားတရားရုံးများဖြစ်သည့် မော်တော်ယာဉ်တရားရုံးများ၊ စည်ပင်သာယာတရားရုံးများနှင့် ကလေးသူငယ်တရားရုံးများ၏ စုစုပေါင်း အမှုပြီးပြတ်မှုနှုန်းသည် ၁၀၀% စစ်ဆေးပြီးပြတ်ပါသည်။

**ဇယား. ၈** အခြားတရားရုံးများ၏ အမှုအမျိုးအစားနှင့် နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇

| အမှု | တရားရုံးအမျိုးအမည် | ခုနှစ် | | |
|---|---|---|---|---|
| | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
| စွဲဆို | မော်တော်ယာဉ်တရားရုံး | ၃၀၈၈၇၃ | ၁၃၄၄၄၇ | ၁၄၆၂၉၆ |
| | စည်ပင်သာယာတရားရုံး | ၆၁၆၆၉ | ၃၂၁၃၇ | ၂၃၀၈၁ |
| | ကလေးသူငယ်တရားရုံး | ၃၉၆ | ၃၀၇ | ၄၅၀ |
| | **စုစုပေါင်း** | ၃၇၀၉၃၈ | ၁၆၆၈၉၁ | ၁၆၉၈၂၇ |
| ပြီးပြတ် | မော်တော်ယာဉ်တရားရုံး | ၃၀၈၈၇၃ | ၁၃၄၄၄၇ | ၁၄၆၂၉၆ |
| | စည်ပင်သာယာတရားရုံး | ၆၁၈၄၄ | ၃၂၂၃၃ | ၂၃၁၀၃ |
| | ကလေးသူငယ်တရားရုံး | ၃၉၉ | ၃၀၃ | ၄၀၉ |
| | **စုစုပေါင်း** | ၃၇၁၁၁၆ | ၁၆၆၉၈၃ | ၁၆၉၈၀၈ |
| အမှုပြီးပြတ်နှုန်း | မော်တော်ယာဉ်တရားရုံး | ၁၀၀% | ၁၀၀% | ၁၀၀% |
| | စည်ပင်သာယာတရားရုံး | ၁၀၀% | ၁၀၀% | ၁၀၀% |
| | ကလေးသူငယ်တရားရုံး | ၁၀၁% | ၉၉% | ၉၁% |
| | **စုစုပေါင်း** | ၁၀၀% | ၁၀၀% | ၁၀၀% |

*ပုံ ၈*

*အခြားတရားရုံး များ၏ အမှု အမျိုးအစားနှင့် နှစ်အလိုက် အမှု ပြီးပြတ်မှုနှုန်း ၂၀၁၅-၂၀၁၇*



## ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းသည် တရားရုံးများ၏ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်မှုစွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးက ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်း ဖြစ်ပါသည်။ (၁၂)လအထက်ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆)လအထက်ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

### *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရာဇဝတ်နှင့် တရားမဆိုင်ရာအယူခံမှုများ၊ ပြင်ဆင်မှုများ၊ အထွေထွေလျှောက်ထားမှုများ၊ စာချွန်တော်လျှောက်ထားမှုတို့ကို စစ်ဆေးပါသည်။ **ဇယား (၉) (၁၀) နှင့် (၁၁)** တို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ သက်တမ်းသည် (၃)လအောက် ၅၃%၊ (၃) လမှ (၆) လ အတွင်း ၁၁%၊ (၆) လမှ (၁၂) လအတွင်း ၃၃%၊ (၁၂) လ အထက် ၃% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသေးစိတ်ကို **ဇယား (၉)** တွင် ဖော်ပြထားပါသည်။

၁၂ လအထက်ကြန့်ကြာသည့် ပြစ်မှုများမှာ လျှောက်ထားခံရသူအပေါ် အကြောင်းကြားစာချအပ်ရာတွင် အတည်မပြုနိုင်၍ လိပ်စာသစ်တင်ရန် စောင့်ဆိုင်းနေရခြင်း၊ နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းရန် စောင့်ဆိုင်းနေရခြင်း၊ အမှုထပ်မံကြားနာရခြင်းတို့ကြောင့် အချိန်ကြန့်ကြာရခြင်းဖြစ်ပါသည်။

ဇယား ၉. ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း ၂၀၁၅ - ၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၉၅၁ | ၂၅၂ | ၆၆ | - | ၁၂၆၉ |
| | ရာခိုင်နှုန်း | ၇၅% | ၂၀% | ၅% | - | - |
| ၂၀၁၆ | အရေအတွက် | ၇၃၆ | ၁၄၆ | ၃၇၂ | ၁၅ | ၁၂၆၉ |
| | ရာခိုင်နှုန်း | ၅၈% | ၁၂% | ၂၉% | ၁% | - |
| ၂၀၁၇ | အရေအတွက် | ၆၉၉ | ၁၅၀ | ၄၃၈ | ၃၅ | ၁၃၂၂ |
| | ရာခိုင်နှုန်း | ၅၃% | ၁၁% | ၃၃% | ၃% | - |




*ပုံ.၉ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း ၂၀၁၅ – ၂၀၁၇*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီး တရားမမှုများ၏ သက်တမ်းသည် (၃) လအောက် ၄၆%၊ (၃) လမှ (၆) လ အတွင်း ၆ %၊ (၆) လမှ (၁၂) လအတွင်း ၃၄%၊ (၁၂) လ အထက် ၁၄% ဖြစ် ပါသည်။ (၃) လအတွင်း ဆုံးဖြတ်နိုင်မှုသည် ယခင်နှစ် ၄၂ % မှ ယခုနှစ် ၄၆ % သို့ တိုးမြင့်ခဲ့သော်လည်း (၁၂)လအထက် ကြာမြင့်သည့်အမှုများတွင် ယခင်နှစ် ဝ% မှ ယခုနှစ် ၁၄% သို့ များပြားလာခဲ့ကြောင်း တွေ့ရှိရပါသည်။ အသေးစိတ်ကို **ဇယား (၁၀)** တွင် ဖော်ပြထားပါသည်။

၁၂ လ အထက် ကြန့်ကြာသည့် တရားမမှုများမှာ စွဲဆိုသည့် အမှုပမာဏများပြား၍ ကြားနာရန်စောင့်ဆိုင်းရသဖြင့် ကြန့်ကြာရခြင်းဖြစ်ပါသည်။

ဇယား ၁၀. ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးတရားမမှုများသက်တမ်း ၂၀၁၅–၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၁၀၄၇ | ၁၀၁၄ | ၁၁ | - | ၂၀၇၂ |
| | ရာခိုင်နှုန်း | ၅၀% | ၄၉% | ၁% | - | - |
| ၂၀၁၆ | အရေအတွက် | ၉၇၉ | ၁၂၇၅ | ၉၆ | - | ၂၃၅၀ |
| | ရာခိုင်နှုန်း | ၄၂% | ၅၄% | ၄% | - | - |
| ၂၀၁၇ | အရေအတွက် | ၁၀၂၄ | ၁၁၉ | ၇၅၇ | ၃၁၄ | ၂၂၁၄ |
| | ရာခိုင်နှုန်း | ၄၆% | ၆% | ၃၄% | ၁၄% | - |




ပုံ.၁၀ *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးတရားမမှုများသက်တမ်း ၂၀၁၅ –၂၀၁၇*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီး စာချွန်တော်မှုများ၏ သက်တမ်းသည် (၃) လအောက် ၁၅% ၊ (၃) လမှ (၆) လ အတွင်း ၄၇ % ၊ (၆) လမှ (၁၂) လ အတွင်း ၃၈% ဖြစ်ပြီး ၊ (၁၂)လအထက် ကြန့်ကြာသည့်အမှု မရှိပါ။ အသေးစိတ်ကို **ဇယား(၁၁)**တွင် ဖော်ပြထားပါသည်။

**ဇယား၁၁.** **ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီး စာချွန်တော်မှုများသက်တမ်း ၂၀၁၅ -၂၀၁၇**

| ခုနှစ် | | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၁၂၅ | ၆၇ | ၂၈ | - | ၂၂၀ |
| | ရာခိုင်နှုန်း | ၅၇% | ၃၀% | ၁၃% | - | - |
| ၂၀၁၆ | အရေအတွက် | ၃၀ | ၁၁၅ | ၄၇ | - | ၁၉၂ |
| | ရာခိုင်နှုန်း | ၁၆% | ၆၀% | ၂၄% | - | - |
| ၂၀၁၇ | အရေအတွက် | ၄၄ | ၁၃၄ | ၁၀၉ | - | ၂၈၇ |
| | ရာခိုင်နှုန်း | ၁၅% | ၄၇% | ၃၈% | - | - |




ပုံ.၁၁ *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီး စာချွန်တော်မှုများသက်တမ်း ၂၀၁၅ -၂၀၁၇*

### *တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း*

တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များသည် ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေမှုများကို စစ်ဆေးပါသည်။ **ဇယား** (၁၂) (၁၃) တို့တွင် တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို ဖော်ပြထားပါသည်။

ဇယား ၁၂. တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ သက်တမ်း ၂၀၁၅ -၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၃၃၉၀ | ၁၅၆၉ | ၉၅၆ | ၄၈၃ | ၆၃၉၈ |
| | ရာခိုင်နှုန်း | ၅၃% | ၂၄% | ၁၅% | ၈% | - |
| ၂၀၁၆ | အရေအတွက် | ၃၂၉၀ | ၁၁၈၈ | ၅၈၉ | ၅၃၂ | ၅၅၉၉ |
| | ရာခိုင်နှုန်း | ၅၉% | ၂၀% | ၁၀% | ၉% | - |
| ၂၀၁၇ | အရေအတွက် | ၃၀၀၅ | ၁၅၂၅ | ၇၅၁ | ၄၂၅ | ၅၇၀၆ |
| | ရာခိုင်နှုန်း | ၅၃% | ၂၇% | ၁၃% | ၇% | - |




*ပုံ .၁၂ တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ သက်တမ်း ၂၀၁၅ -၂၀၁၇*

တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းသည် (၃) လအောက် ၅၃% ၊ (၃) လမှ (၆) လ အတွင်း ၂၇ % ၊ (၆) လမှ (၁၂) လ အတွင်း ၁၃% ဖြစ်ပြီး ၊ (၁၂) လ အထက် ၇% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၂)** တွင် ဖော်ပြထားပါသည်။

ဇယား (၁၂) အရ (၃) လအောက်အတွင်း **စစ်ဆေးဆုံးဖြတ်ပြီးသည့် ရာဇဝတ်မှု**များသည် ယခင်နှစ် ၅၉% မှ ယခုနှစ် ၅၃% သို့ လျော့ကျသွားသည်ကို တွေ့ရှိရပါသည်။ (၁၂) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုများသည် ယခင်နှစ် ၉% မှ ယခုနှစ် ၇% သို့ လျော့ကျခဲ့ကြောင်းတွေ့ရှိ ရပါသည်။

ဇယား ၁၃. တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်း ၂၀၁၅–၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆-လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၁၈၁၀ | ၁၁၉၉ | ၁၂၃၈ | ၁၆၃ | ၁၀ | ၄၄၂၀ |
| | ရာခိုင်နှုန်း | ၄၁% | ၂၇% | ၂၈% | ၄% | - | - |
| ၂၀၁၆ | အရေအတွက် | ၂၀၆၀ | ၁၀၇၂ | ၁၇၄၇ | ၁၄၆ | ၁၀၂ | ၅၁၂၇ |
| | ရာခိုင်နှုန်း | ၄၀% | ၂၁% | ၃၄% | ၃% | ၂% | - |
| ၂၀၁၇ | အရေအတွက် | ၂၀၆၃ | ၁၈၃၁ | ၁၀၁၆ | ၁၄၇ | ၁၄ | ၅၀၇၁ |
| | ရာခိုင်နှုန်း | ၄၁% | ၃၆% | ၂၀% | ၂.၈% | ၀.၂% | - |




*ပုံ ၁၃. တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးတရားမမှုများ သက်တမ်း ၂၀၁၅–၂၀၁၇*

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး တရားမမှုများ၏ သက်တမ်းသည် (၃) လအောက် ၄၁%၊ (၃) လမှ (၆) လ အတွင်း ၃၆ %၊ (၆) လမှ (၁၂) လ အတွင်း ၂၀% ၊ (၁၂) လမှ (၃၆) လ အတွင်း ၂.၈% နှင့်(၃၆) လ အထက် ၀.၂ % ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၃)** တွင် ဖော်ပြထားပါသည်။ ဇယား ၁၃ အရ (၃) လအောက်အတွင်း စစ်ဆေးဆုံးဖြတ်ပြီးသည့် **တရားမမှု** များသည် ယခင်နှစ် ၄၀% မှ ယခုနှစ် ၄၁% သို့ တိုးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ (၃၆) လအထက် ကြာမြင့်သည့် တရားမမှုများသည် ယခင်နှစ် ၂ % မှ ယခုနှစ် ၀.၂ % သို့ လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။

*ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း*

ခရိုင်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှု ၊ အယူခံမှု၊ ပြင်ဆင်မှု နှင့် အထွေထွေမှုများကို စစ်ဆေးပါသည်။ **ဇယား** (၁၄) (၁၅) တို့တွင် ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး အမှုများ၏ သက်တမ်းကို ဖော်ပြထားပါသည်။

ဇယား ၁၄ ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ၂၀၁၅–၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၈၇၅၃ | ၃၈၁၄ | ၁၂၃၇ | ၃၅၄ | ၁၄၁၅၈ |
| | ရာခိုင်နှုန်း | ၆၂% | ၂၇% | ၉% | ၂% | - |
| ၂၀၁၆ | အရေအတွက် | ၁၀၂၅၂ | ၄၈၈၄ | ၁၁၆၃ | ၂၂၁ | ၁၆၅၂၀ |
| | ရာခိုင်နှုန်း | ၆၂% | ၃၀% | ၇% | ၁% | - |
| ၂၀၁၇ | အရေအတွက် | ၁၁၂၄၇ | ၅၁၁၀ | ၁၉၈၁ | ၄၈၂ | ၁၈၈၂၀ |
| | ရာခိုင်နှုန်း | ၆၀% | ၂၇% | ၁၀% | ၃% | - |




*ပုံ ၁၄. ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ၂၀၁၅–၂၀၁၇*

ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းသည် (၃) လအောက် ၆၀% ၊ (၃) လမှ (၆) လ အတွင်း ၂၇ % ၊ (၆) လမှ (၁၂) လ အတွင်း ၁၀% ဖြစ်ပြီး ၊ (၁၂) လ အထက် ၃% ၊ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၄)** တွင် ဖော်ပြထားပါသည်။ ဇယား (၁၄) အရ (၃) လအောက် အတွင်း စစ်ဆေးဆုံးဖြတ်ပြီးသည့် **ရာဇဝတ်မှုများသည်** ယခင်နှစ် ၆၂% မှ ယခုနှစ် ၆၀% သို့ လျော့ကျသွားသည်ကို တွေ့ရှိရပါသည်။ (၁၂) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုများသည် ယခင်နှစ် ၁% မှ ယခုနှစ် ၃% သို့ များပြားခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား ၁၅ ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ၂၀၁၅ -၂၀၁၇

| ခုနှစ် | | ၃-လ အောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆-လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၁၃၆၃ | ၅၄၉၈ | ၂၅၇၆ | ၁၃၂၂ | ၂၀၆ | ၁၀၉၆၅ |
| | ရာခိုင်နှုန်း | ၁၂% | ၅၀% | ၂၄% | ၁၂% | ၂% | - |
| ၂၀၁၆ | အရေအတွက် | ၁၆၅၀ | ၅၂၇၈ | ၂၈၂၈ | ၁၄၁၅ | ၃၇၅ | ၁၁၅၄၆ |
| | ရာခိုင်နှုန်း | ၁၄% | ၄၆% | ၂၅% | ၁၂% | ၃% | - |
| ၂၀၁၇ | အရေအတွက် | ၃၃၉၄ | ၃၆၄၉ | ၂၃၉၀ | ၁၃၈၅ | ၄၂၀ | ၁၁၂၃၈ |
| | ရာခိုင်နှုန်း | ၃၀% | ၃၃% | ၂၁% | ၁၂% | ၄% | - |




*ပုံ ၁၅. ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ၂၀၁၅–၂၀၁၇*

ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ၏သက်တမ်းသည် (၃) လအောက် ၃၀%၊ (၃) လမှ (၆) လ အတွင်း ၃၃ %၊ (၆) လမှ (၁၂) လအတွင်း ၂၁% ၊ (၁၂) လ မှ (၃၆) လ အတွင်း ၁၂% နှင့် (၃၆) လအထက် ၄ % ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၅)** တွင် ဖော်ပြထားပါသည်။ ဇယား (၁၅) အရ (၃) လအောက် **စစ်ဆေးဆုံးဖြတ်ပြီးသည့် တရားမမှုများသည်** ယခင်နှစ် ၁၄% မှ ယခုနှစ် ၃၀ % သို့ တိုးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ (၃၆) လအထက် ကြာမြင့်သည့် တရားမမှုများသည် ယခင်နှစ် ၃% မှ ယခုနှစ် ၄% သို့ တိုးမြင့်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### *မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း*

မြို့နယ်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာမှုလမှုများကို စစ်ဆေးပါသည်။ **ဇယား** (၁၆) (၁၇) တို့တွင် မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို ဖော်ပြထားပါသည်။

ဇယား ၁၆ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ၂၀၁၅-၂၀၁၇

| ခုနှစ် | | နေ့ချင်းပြီး | ၃-လ အောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၂၁၀၇၂၇ | ၆၃၄၀၄ | ၂၇၄၆၆ | ၁၀၀၉၅ | ၄၂၉၄ | ၃၁၅၉၈၆ |
| | ရာခိုင်နှုန်း | ၆၇% | ၂၀% | ၉% | ၃% | ၁% | - |
| ၂၀၁၆ | အရေအတွက် | ၂၃၀၀၄၂ | ၇၁၁၆၆ | ၂၇၇၆၇ | ၉၁၃၀ | ၃၄၈၂ | ၃၄၁၅၈၇ |
| | ရာခိုင်နှုန်း | ၆၇% | ၂၁% | ၈% | ၃% | ၁% | - |
| ၂၀၁၇ | အရေအတွက် | ၂၄၃၀၇၁ | ၆၆၈၀၈ | ၃၀၂၉၅ | ၁၀၁၇၇ | ၅၀၀၀ | ၃၅၅၃၅၁ |
| | ရာခိုင်နှုန်း | ၆၈% | ၁၉% | ၉% | ၃% | ၁% | - |




ပုံ ၁၆. *မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ၂၀၁၅-၂၀၁၇*

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းသည် နေ့ချင်းပြီး ၆၈% ၊ (၃) လအောက် ၁၉%၊ (၃) လမှ (၆) လ အတွင်း ၉ % ၊ (၆) လမှ (၁၂) လ အတွင်း ၃% ဖြစ်ပြီး ၊ (၁၂) လ အထက် ၁% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၆)** တွင် ဖော်ပြထားပါသည်။ ဇယား (၁၆) အရ မြို့နယ်တရားရုံးများတွင် စွဲဆိုသည့် **ရာဇဝတ်မှုများကို** ယခင်နှစ် ၆၇% မှ ယခုနှစ် ၆၈% ထိ နေ့ချင်းပြီး စစ်ဆေးဆုံးဖြတ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ (၃) လအောက် စစ်ဆေးဆုံးဖြတ်ပြီးသည့် ရာဇဝတ်မှုများသည် ယခင်နှစ် ၂၁% မှ ယခုနှစ် ၁၉% သို့ လျော့ကျသွားသည်ကို တွေ့ရှိရပါသည်။ (၁၂)လအထက် ကြာမြင့်သည့် ရာဇဝတ်မှုများ ပြီးပြတ်နှုန်းသည် ယခင်နှစ်အတိုင်းဖြစ်ပါသည်။

ဇယား ၁၇ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ၂၀၁၅-၂၀၁၇

| ခုနှစ် | | ၆-လအောက် | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆-လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၁၃၉၃၉ | ၆၇၉၅ | ၂၁၀၃ | ၂၀၂ | ၂၃၀၃၉ |
| | ရာခိုင်နှုန်း | ၆၁% | ၂၉% | ၉% | ၁% | - |
| ၂၀၁၆ | အရေအတွက် | ၁၄၃၉၄ | ၆၉၈၂ | ၂၀၇၆ | ၃၀၅ | ၂၃၇၅၇ |
| | ရာခိုင်နှုန်း | ၆၁% | ၂၉% | ၉% | ၁% | - |
| ၂၀၁၇ | အရေအတွက် | ၁၅၅၂၅ | ၆၅၆၆ | ၁၇၉၂ | ၃၄၄ | ၂၄၂၂၇ |
| | ရာခိုင်နှုန်း | ၆၄% | ၂၇% | ၈% | ၁% | - |




ပုံ ၁၇ . *မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ၂၀၁၅-၂၀၁၇*

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ၏ သက်တမ်းသည် (၆) လအောက် ၆၄% ၊ (၆) လမှ (၁၂) လ အတွင်း ၂၇ % ၊ (၁၂) လမှ (၃၆) လ အတွင်း ၈% ဖြစ်ပြီး ၊ (၃၆) လ အထက် ၁% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၇)** တွင် ဖော်ပြထားပါသည်။ ဇယား (၁၇) အရ (၆) လ အောက် စစ်ဆေးဆုံးဖြတ်ပြီးသည့် **တရားမမှုများ**သည် ယခင်နှစ် ၆၁% မှ ယခုနှစ် ၆၄ % သို့ တိုးမြင့်ခဲ့သည်ကို တွေ့ရှိရပါသည်။ (၃၆) လအထက် ကြာမြင့်သည့် တရားမမှုများ၏ ပြီးပြတ်နှုန်းသည် ယခင်နှစ်အတိုင်းဖြစ်ပါသည်။

## စစ်ဆေးဆဲအမှုများ၏သက်တမ်း

စစ်ဆေးဆဲအမှုများ၏ သက်တမ်းသည် တရားရုံးများ၏ အမှုဟောင်းနှင့် ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ရန် ပြက္ခဒိန်နှစ်ကုန်ဆုံးချိန်တွင် စစ်ဆေးဆဲအမှုအရေအတွက်နှင့် ကြာမြင့်သည့် ကာလအလိုက် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂)လ အထက်

ကြာမြင့်သည့်ရာဇဝတ်မှုနှင့် (၃၆) လအထက် ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်း အဖြစ် သတ်မှတ်ထားပါသည်။

***ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်း***

ဇယား (၁၈) (၁၉) (၂၀) တို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ အမှုများ၏ သက်တမ်းကို ဖော်ပြထားပါသည်။

ဇယား ၁၈ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း ၂၀၁၅ -၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃- ၆ လ | ၆-၁၂ လ | ၁၂-လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၁၆၅ | ၁၉၀ | ၅၁ | - | ၄၀၆ |
| | ရာခိုင်နှုန်း | ၄၁% | ၄၇% | ၁၂% | - | - |
| ၂၀၁၆ | အရေအတွက် | ၂၅၀ | ၁၅၈ | ၁၀၁ | ၁၀ | ၅၁၉ |
| | ရာခိုင်နှုန်း | ၄၈% | ၃၀% | ၂၀% | ၂% | - |
| ၂၀၁၇ | အရေအတွက် | ၃၄၄ | ၂၃၅ | ၁၆၀ | ၁ | ၇၄၀ |
| | ရာခိုင်နှုန်း | ၄၆% | ၃၂% | ၂၂% | ၀% | - |




*ပုံ ၁၈. ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း ၂၀၁၅–၂၀၁၇*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ ရာဇဝတ်မှုများ၏ သက်တမ်းသည် (၃) လအောက် ၄၆% ၊ (၃) လမှ (၆) လ အတွင်း ၃၂ % ၊ (၆) လမှ (၁၂) လ အတွင်း ၂၂% ဖြစ်ပြီး ၊ (၁၂) လအထက် ၀% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၈)** တွင် ဖော်ပြထားပါသည်။ ဇယား (၁၈) အရ (၃) လအောက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၄၈% မှ ယခုနှစ် ၄၆% သို့ အနည်းငယ်လျော့ကျခဲ့ပါသည်။

ဇယား ၁၉ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲတရားမမှုများ သက်တမ်း ၂၀၁၅-၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၃၆၇ | ၇၅၄ | - | - | ၁၁၂၁ |
| | ရာခိုင်နှုန်း | ၃၃% | ၆၇% | - | - | - |
| ၂၀၁၆ | အရေအတွက် | ၄၉၁ | ၇၇၃ | ၂ | - | ၁၂၆၆ |
| | ရာခိုင်နှုန်း | ၃၉% | ၆၁% | - | - | - |
| ၂၀၁၇ | အရေအတွက် | ၄၉၃ | ၄၀၅ | ၆၂၂ | ၃၅ | ၁၅၅၅ |
| | ရာခိုင်နှုန်း | ၃၂% | ၂၆% | ၄၀% | ၂% | - |




ပုံ ၁၉. *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲတရားမမှုများ သက်တမ်း* ၂၀၁၅-၂၀၁၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ တရားမမှုများ၏ သက်တမ်းသည် (၃) လအောက် ၃၂%၊ (၃) လမှ (၆) လ အတွင်း ၂၆ %၊ (၆) လမှ (၁၂) လ အတွင်း ၄၀% ဖြစ်ပြီး ၊ (၁၂) လ အထက် ၂% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၉)** တွင် ဖော်ပြထားပါသည်။ ဇယား (၁၉) အရ တရားမမှုများတွင် (၃) လအောက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၃၉% မှ ယခုနှစ် ၃၂% သို့ လျော့ကျခဲ့ပါသည်။ (၁၂)လအထက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၀% မှ ယခုနှစ် ၂% သို့ များပြားလာသည်ကို တွေ့ရှိရပါသည်။ ၁၂ လ အထက် ကြန့်ကြာသည့် တရားမမှုများမှာ စွဲဆိုသည့်အမှုပမာဏ များပြား၍ ကြားနာရန် စောင့်ဆိုင်းရသဖြင့် ကြန့်ကြာရခြင်းဖြစ်ပါသည်။

ဇယား ၂၀ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ စာချွန်တော်မှုများသက်တမ်း ၂၀၁၅-၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၆ | ၂၆ | ၁၆ | - | ၄၈ |
| | ရာခိုင်နှုန်း | ၁၃% | ၅၄% | ၃၃% | - | - |
| ၂၀၁၆ | အရေအတွက် | ၈၁ | ၆၇ | ၈ | - | ၁၅၆ |
| | ရာခိုင်နှုန်း | ၅၂% | ၄၃% | ၅% | - | - |
| ၂၀၁၇ | အရေအတွက် | ၉၄ | ၄၅ | ၂၆ | ၂ | ၁၆၇ |
| | ရာခိုင်နှုန်း | ၅၆% | ၂၈% | ၁၅% | ၁% | - |




ပုံ ၂၀. *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ စာချွန်တော်မှုများသက်တမ်း ၂၀၁၅–၂၀၁၇*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ စာချွန်တော်မှုများ၏ သက်တမ်းသည် (၃) လအောက် ၅၆% ၊ (၃) လမှ (၆) လ အတွင်း ၂၈ % ၊ (၆) လမှ (၁၂) လ အတွင်း ၁၅% ဖြစ်ပြီး ၊ (၁၂) လ အထက် ၁% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား** (၂၀) တွင် ဖော်ပြထားပါသည်။ ဇယား (၂၀) အရ စာချွန်တော်မှုများတွင် (၃)လအောက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၅၂% မှ ယခုနှစ် ၅၆% သို့ များပြားလာပြီး၊ (၁၂) လအထက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၀% မှ ယခုနှစ် ၁% သို့ များပြားလာသည်ကို တွေ့ရှိရပါသည်။

*တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲအမှုများသက်တမ်း*

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များရှိ စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို **ဇယား** (၂၁) (၂၂) တို့တွင် ဖော်ပြထားပါသည်။

ဇယား ၂၁. **တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲရာဇဝတ်မှုများ သက်တမ်း ၂၀၁၅– ၂၀၁၇**

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၈၄၁ | ၅၇၉ | ၄၃၁ | ၇၈၉ | ၂၆၄၀ |
| | ရာခိုင်နှုန်း | ၃၂% | ၂၂% | ၁၆% | ၃၀% | - |
| ၂၀၁၆ | အရေအတွက် | ၁၀၂၂ | ၃၈၇ | ၂၈၄ | ၆၀၈ | ၂၃၀၁ |
| | ရာခိုင်နှုန်း | ၄၄% | ၁၇% | ၁၂% | ၂၇% | - |
| ၂၀၁၇ | အရေအတွက် | ၁၃၆၀ | ၅၂၃ | ၄၉၈ | ၄၁၆ | ၂၇၉၇ |
| | ရာခိုင်နှုန်း | ၄၈% | ၁၉% | ၁၈% | ၁၅% | - |




ပုံ ၂၁ . *တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲရာဇဝတ်မှုများ သက်တမ်း ၂၀၁၅- ၂၀၁၇*

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲရာဇဝတ်မှုများ၏သက်တမ်းသည် (၃) လအောက် ၄၈% ၊ (၃) လမှ (၆) လ အတွင်း ၁၉ % ၊ (၆) လမှ (၁၂) လ အတွင်း ၁၈% ဖြစ်ပြီး၊ (၁၂) လ အထက် ၁၅% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား** (၂၁) တွင် ဖော်ပြထားပါသည်။ ဇယား (၂၁) အရ (၃)လအောက်ကြာမြင့်သည့် စစ်ဆေးဆဲ အမှုသည် ယခင်နှစ် ၄၄% မှ ယခုနှစ် ၄၈% သို့ များပြားလာသည်ကို တွေ့ရှိရပါသည်။ (၁၂)လအထက် ကြာမြင့်သည့် စစ်ဆေးဆဲ ရာဇဝတ်မှုသည် ယခင်နှစ် ၂၇% မှ ယခုနှစ် ၁၅% သို့ လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား ၂၂. တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲ တရားမမှုများ သက်တမ်း ၂၀၁၅-၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆-လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၁၃၀၈ | ၇၀၁ | ၅၀၅ | ၁၀၆ | ၁၃၇ | ၂၇၅၇ |
| | ရာခိုင်နှုန်း | ၄၈% | ၂၅% | ၁၈% | ၄% | ၅% | - |
| ၂၀၁၆ | အရေအတွက် | ၁၄၄၅ | ၁၁၂၆ | ၆၆၀ | ၆၇ | ၈၁ | ၃၃၈၀ |
| | ရာခိုင်နှုန်း | ၄၂% | ၃၄% | ၁၉% | ၂% | ၃% | - |
| ၂၀၁၇ | အရေအတွက် | ၁၆၅၅ | ၁၀၃၃ | ၁၄၃၆ | ၁၅၈ | ၁၀၃ | ၄၃၈၅ |
| | ရာခိုင်နှုန်း | ၃၈% | ၂၃% | ၃၃% | ၄% | ၂% | - |




*ပုံ ၂၂. တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲ တရားမမှုများ သက်တမ်း ၂၀၁၅-၂၀၁၇*

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲတရားမမှုများ၏သက်တမ်းသည် (၃) လအောက် ၃၈% ၊ (၃) လမှ (၆) လ အတွင်း ၂၄ % ၊ (၆) လမှ (၁၂) လ အတွင်း ၃၃% ၊ (၁၂)လ မှ (၃၆) လ အတွင်း ၄% နှင့် (၃၆) လ အထက် ၂ % ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၂)** တွင် ဖော်ပြထားပါသည်။ ဇယား(၂၂)အရ (၃) လအောက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၄၂% မှ ယခုနှစ် ၃၈% သို့ လျော့ကျခဲ့ပါသည်။ (၃၆) လအထက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၃% မှ ယခုနှစ် ၂% သို့ လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။

***ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း***

ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏သက်တမ်းကို **ဇယား (၂၃) (၂၄)** တို့တွင် ဖော်ပြထားပါသည်။

**ဇယား ၂၃.** ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း ၂၀၁၅-၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၂၀၆၈ | ၁၀၀၆ | ၃၂၃ | ၉၂ | ၃၄၈၉ |
| | ရာခိုင်နှုန်း | ၅၉% | ၂၉% | ၉% | ၃% | - |
| ၂၀၁၆ | အရေအတွက် | ၃၃၈၉ | ၁၃၈၀ | ၂၇၈ | ၉၉ | ၅၁၄၆ |
| | ရာခိုင်နှုန်း | ၆၆% | ၂၇% | ၅% | ၂% | - |
| ၂၀၁၇ | အရေအတွက် | ၃၇၆၉ | ၁၉၀၉ | ၈၃၇ | ၂၈၉ | ၆၈၀၄ |
| | ရာခိုင်နှုန်း | ၅၆% | ၂၈% | ၁၂% | ၄% | - |




**ပုံ ၂၃.** *ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း ၂၀၁၅– ၂၀၁၇*

ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများ၏ သက်တမ်းသည် (၃) လအောက် ၅၆% ၊ (၃) လမှ (၆) လ အတွင်း ၂၈ % ၊ (၆) လမှ (၁၂) လ အတွင်း ၁၂ % ဖြစ်ပြီး၊ (၁၂) လ အထက် ၄% ၊ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၃)** တွင် ဖော်ပြထားပါသည်။ ဇယား (၂၃) အရ (၃) လအောက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၆၆% မှ ယခုနှစ် ၅၆% သို့ လျော့ကျခဲ့ကို တွေ့ရှိရပါသည်။ (၁၂) လအထက် ကြာမြင့်သည့် စစ်ဆေးဆဲရာဇဝတ်မှုသည် ယခင်နှစ် ၂% မှ ယခုနှစ် ၄% သို့ များပြားလာသည်ကို တွေ့ရှိရပါသည်။

ဇယား ၂၄. ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း ၂၀၁၅– ၂၀၁၇

| ခုနှစ် | | ၃-လ အောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆-လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၂၂၈ | ၃၇၀၂ | ၃၃၅၉ | ၂၂၆၇ | ၈၁၀ | ၁၀၃၆၆ |
| | ရာခိုင်နှုန်း | ၂% | ၃၆% | ၃၂% | ၂၂% | ၈% | - |
| ၂၀၁၆ | အရေအတွက် | ၂၁၀ | ၄၈၈၁ | ၄၀၅၂ | ၁၆၄၈ | ၉၅၆ | ၁၁၇၄၇ |
| | ရာခိုင်နှုန်း | ၂% | ၄၂% | ၃၄% | ၁၄% | ၈% | - |
| ၂၀၁၇ | အရေအတွက် | ၅၈၃ | ၄၉၂၀ | ၃၂၂၂ | ၃၁၃၅ | ၁၂၉၃ | ၁၃၁၅၃ |
| | ရာခိုင်နှုန်း | ၄% | ၃၇% | ၂၅% | ၂၄% | ၁၀% | - |




*ပုံ ၂၄. ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း ၂၀၁၅– ၂၀၁၇*

ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများ၏ သက်တမ်း သည် (၃) လအောက် ၄% ၊ (၃) လမှ (၆) လ အတွင်း ၃၇ % ၊ (၆) လမှ (၁၂) လ အတွင်း ၂၅ % ဖြစ်ပြီး၊ (၁၂) လ မှ (၃၆) လ အတွင်း ၂၄% နှင့် (၃၆) လ အထက် ၁၀% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား** (၂၄) တွင် ဖော်ပြထားပါသည်။ ဇယား (၂၄) အရ (၃) လအောက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၂% မှ ယခုနှစ် ၄% သို့ များပြားလာသည်ကို တွေ့ရှိရပါသည်။ (၃၆) လအထက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၈% မှ ယခုနှစ် ၁၀% သို့ များပြားလာသည်ကို တွေ့ရှိရပါသည်။

### *မြို့နယ်တရားရုံးများ၏စစ်ဆေးဆဲအမှုများသက်တမ်း*

မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို **ဇယား** (၂၅) (၂၆) တို့တွင် ဖော်ပြထားပါသည်။

ဇယား ၂၅. မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်း ၂၀၁၅– ၂၀၁၇

| ခုနှစ် | | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၁၆၈၁၄ | ၁၀၅၃၉ | ၄၃၀၄ | ၂၁၇၄ | ၃၃၈၃၁ |
| | ရာခိုင်နှုန်း | ၅၀% | ၃၁% | ၁၃% | ၆% | - |
| ၂၀၁၆ | အရေအတွက် | ၁၉၉၈၉ | ၁၁၇၅၉ | ၅၁၇၂ | ၂၈၇၉ | ၃၉၇၉၉ |
| | ရာခိုင်နှုန်း | ၅၀% | ၃၀% | ၁၃% | ၇% | - |
| ၂၀၁၇ | အရေအတွက် | ၂၃၁၉၉ | ၁၄၃၃၂ | ၇၅၆၉ | ၄၆၀၄ | ၄၉၇၀၄ |
| | ရာခိုင်နှုန်း | ၄၇% | ၂၉% | ၁၅% | ၉% | - |




ပုံ ၂၅. *မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်း ၂၀၁၅– ၂၀၁၇*

မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများ၏ သက်တမ်းသည် (၃) လအောက် ၄၇%၊ (၃) လမှ (၆) လ အတွင်း ၂၉ %၊ (၆) လမှ (၁၂) လ အတွင်း ၁၅ % ဖြစ်ပြီး၊ (၁၂) လ အထက် ၉% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား** (၂၅) တွင် ဖော်ပြထားပါသည်။ ဇယား (၂၅) အရ (၃)လအောက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၅၀% မှ ယခုနှစ် ၄၇% သို့ လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။ (၁၂) လအထက် ကြာမြင့်သည့် စစ်ဆေးဆဲ ရာဇဝတ်မှုသည် ယခင်နှစ် ၇% မှ ယခုနှစ် ၉% သို့ များပြားလာသည်ကို တွေ့ရှိရပါသည်။

ဇယား ၂၆. မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်း ၂၀၁၅ - ၂၀၁၇

| ခုနှစ် | | ၆-လအောက် | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၅ | အရေအတွက် | ၉၀၃၅ | ၄၉၄၇ | ၂၁၇၃ | ၃၀၃ | ၁၆၅၅၈ |
| | ရာခိုင်နှုန်း | ၅၅% | ၃၀% | ၁၃% | ၂% | - |
| ၂၀၁၆ | အရေအတွက် | ၉၆၅၃ | ၅၀၁၆ | ၁၉၆၄ | ၅၁၂ | ၁၇၁၄၅ |
| | ရာခိုင်နှုန်း | ၅၆% | ၂၉% | ၁၂% | ၃% | - |
| ၂၀၁၇ | အရေအတွက် | ၁၁၅၁၈ | ၅၄၀၈ | ၂၁၅၄ | ၁၁၂၅ | ၂၀၂၀၅ |
| | ရာခိုင်နှုန်း | ၅၇% | ၂၇% | ၁၀% | ၆% | - |




*ပုံ ၂၆. မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်း ၂၀၁၅– ၂၀၁၇*

မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများ၏ သက်တမ်းသည် (၆) လအောက် ၅၇% ၊ (၆) လမှ (၁၂) လ အတွင်း ၂၇ % ၊ (၁၂) လမှ (၃၆) လ အတွင်း ၁၀ % ဖြစ်ပြီး၊ (၃၆) လ အထက် ၆% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၆)** တွင် ဖော်ပြထားပါသည်။ ဇယား (၂၆) အရ (၆)လ အောက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၅၆% မှ ယခုနှစ် ၅၇% သို့ များပြားလာသည်ကို တွေ့ရှိရပါသည်။ (၃၆) လအထက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၃% မှ ယခုနှစ် ၆% သို့ များပြားလာသည်ကို တွေ့ရှိရပါသည်။

## အယူခံတက်ရောက်မှုနှုန်း

အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အတွင်းတရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် အမှုသည်များ၏ ကျေနပ်မှုကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

### *တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း*

မြို့နယ်တရားရုံးများမှ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး အမှုအရေအတွက်နှင့် ခရိုင်တရားရုံးများ၏ အယူခံမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်း ဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၁၇ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ စုစုပေါင်း အယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် ၁ % ရှိပြီး တရားမမှုများတွင် ၁၁% ရှိပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၇)** တွင် ဖော်ပြထားပါသည်။

ဇယား ၂၇. ၂၀၁၇ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု (မြို့နယ်) | အယူခံမှု (ခရိုင်) | ဆုံးဖြတ်ပြီးအမှု (မြို့နယ်) | အယူခံမှု (ခရိုင်) | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၁၃၉၂၉ | ၂၃၁ | ၂၇၄ | ၂၇ | ၂% | ၁၀% |
| ၂ | ကယား | ၈၄၅ | ၂၂ | ၆၇ | ၆ | ၃% | ၉% |
| ၃ | ကရင် | ၆၁၆၀ | ၉၈ | ၁၂၅ | ၁၂ | ၂% | ၁၀% |
| ၄ | ချင်း | ၃၄၃၆ | ၁၉ | ၆၄ | ၁၀ | ၁% | ၁၆% |
| ၅ | စစ်ကိုင်း | ၃၇၇၇၆ | ၆၈၆ | ၁၉၂၈ | ၂၉၆ | ၂% | ၁၅% |
| ၆ | တနင်္သာရီ | ၁၁၀၉၆ | ၁၅၀ | ၃၆၃ | ၄၅ | ၁% | ၁၂% |
| ၇ | ပဲခူး | ၅၉၂၁၀ | ၂၉၂ | ၃၈၉၈ | ၄၁၁ | ၀.၅% | ၁၁% |
| ၈ | မကွေး | ၂၉၉၈၄ | ၂၂၁ | ၂၁၁၆ | ၂၈၀ | ၁% | ၁၃% |
| ၉ | မန္တလေး | ၄၉၉၇၈ | ၅၈၂ | ၄၁၆၈ | ၅၁၈ | ၁% | ၁၂% |

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီး အမှု (မြို့နယ်) | အယူခံမှု (ခရိုင်) | ဆုံးဖြတ်ပြီး အမှု (မြို့နယ်) | အယူခံမှု (ခရိုင်) | ရာဇဝတ် | တရားမ |
| ၁၀ | မွန် | ၁၁၁၆၆ | ၁၇၀ | ၇၄၉ | ၉၉ | ၂% | ၁၃% |
| ၁၁ | ရခိုင် | ၈၆၈၈ | ၈၂ | ၈၂၈ | ၇၀ | ၁% | ၈% |
| ၁၂ | ရန်ကုန် | ၅၈၇၅၂ | ၃၈၄ | ၃၃၈၈ | ၃၄၁ | ၁% | ၁၀% |
| ၁၃ | ရှမ်း | ၁၅၅၆၇ | ၁၄၉ | ၆၀၉ | ၉၄ | ၁% | ၁၅% |
| ၁၄ | ဧရာဝတီ | ၄၈၇၆၄ | ၂၁၅ | ၅၆၅၀ | ၃၇၂ | ၀.၄% | ၇% |
| | စုစုပေါင်း | ၃၅၅၃၅၁ | ၃၃၀၁ | ၂၄၂၂၇ | ၂၅၈၁ | ၁% | ၁၁% |




ပုံ ၂၇. ၂၀၁၇ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း

***တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း***

ခရိုင်တရားရုံးများမှဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏အယူခံမှုအရေအတွက်တို့၏အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှု အရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၁၇ ခုနှစ်အတွင်း ခရိုင်တရားရုံးများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသို့ စုစုပေါင်းအယူခံတက်ရောက်နှုန်းသည် ရာဇဝတ်မှုများတွင် ၁၆% ရှိပြီး တရားမမှုများတွင် ၂၃ % ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၈)** တွင် ဖော်ပြထားပါသည်။

**ဇယား ၂၈.** ၂၀၁၇ ခုနှစ်အတွင်း ခရိုင်တရားရုံးများမှ တရားလွှတ်တော်များသို့ အယူခံ တက်ရောက်မှုနှုန်း

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု (ခရိုင်) | အယူခံမှု (တရားလွှတ်တော်) | ဆုံးဖြတ်ပြီးအမှု (ခရိုင်) | အယူခံမှု (တရားလွှတ်တော်) | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၁၀၃၄ | ၁၉၈ | ၂၂၅ | ၆၂ | ၁၉% | ၂၈% |
| ၂ | ကယား | ၁၃၁ | ၃၀ | ၅၈ | ၆ | ၂၃% | ၁၀% |
| ၃ | ကရင် | ၇၈၃ | ၁၃၂ | ၁၃၀ | ၃၁ | ၁၇% | ၂၄% |
| ၄ | ချင်း | ၇၉ | ၁၂ | ၁၉ | ၃ | ၁၅% | ၁၆% |
| ၅ | စစ်ကိုင်း | ၂၃၇၄ | ၃၃၄ | ၈၀၄ | ၂၆၈ | ၁၄% | ၃၃% |
| ၆ | တနင်္သာရီ | ၇၈၈ | ၂၀၃ | ၂၄၃ | ၅၃ | ၂၆% | ၂၂% |
| ၇ | ပဲခူး | ၁၄၁၈ | ၁၉၄ | ၁၃၁၅ | ၂၄၈ | ၁၄% | ၁၉% |
| ၈ | မကွေး | ၉၅၂ | ၂၂၄ | ၆၄၆ | ၁၄၈ | ၂၄% | ၂၃% |
| ၉ | မန္တလေး | ၂၇၆၆ | ၅၄၃ | ၂၂၇၂ | ၅၂၉ | ၂၀% | ၂၃% |
| ၁၀ | မွန် | ၇၇၀ | ၁၄၃ | ၄၆၇ | ၁၆၃ | ၁၉% | ၃၅% |
| ၁၁ | ရခိုင် | ၇၄၀ | ၁၂၈ | ၁၉၅ | ၄၅ | ၁၇% | ၂၃% |
| ၁၂ | ရန်ကုန် | ၂၄၈၁ | ၃၁၈ | ၃၃၄၀ | ၇၁၂ | ၁၃% | ၂၁% |
| ၁၃ | ရှမ်း | ၃၂၄၃ | ၄၂၅ | ၅၉၆ | ၁၃၉ | ၁၃% | ၂၃% |
| ၁၄ | ဧရာဝတီ | ၁၂၆၁ | ၁၃၆ | ၉၂၈ | ၁၉၇ | ၁၁% | ၂၁% |
| | စုစုပေါင်း | ၁၈၈၂၀ | ၃၀၂၀ | ၁၁၂၃၈ | ၂၆၀၄ | ၁၆% | ၂၃% |




ပုံ ၂၈. ၂၀၁၇ ခုနှစ်အတွင်း ခရိုင်တရားရုံးများမှ တရားလွှတ်တော်များသို့ အယူခံ တက်ရောက်မှုနှုန်း

## မှုခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု

ပြက္ခဒိန်နှစ်အတွင်း တရားသူကြီးတစ်ဦးစစ်ဆေးရသည့် မှုခင်းပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏကို တိုင်းတာရန်ဖြစ်ပါသည်။

ဇယား ၂၉. ၂၀၁၇ ခုနှစ်အတွင်း တရားသူကြီးတစ်ဦးစစ်ဆေးရသည့် အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ

| | စွဲဆိုမှု (ရာဇဝတ်၊ တရားမ၊ စာချွန်) [၃] | ပြီးပြတ် (ရာဇဝတ်၊ တရားမ၊ စာချွန်) | တရားသူကြီး အရေအတွက် | မှုခင်း ပမာဏ | ဆောင်ရွက်နိုင်မှု | ဆောင်ရွက်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ပြည်ထောင်စု တရားလွှတ်တော်ချုပ် | ၄၃၆၆ | ၃၈၂၃ | ၁၀ | ၄၃၄ | ၃၈၂ | ၈၈% |
| တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ | ၁၂၂၄၂ | ၁၀၇၇၇ | ၅၇ | ၂၁၅ | ၁၈၉ | ၈၈% |
| ခရိုင်တရားရုံးများ | ၃၃၁၂၂ | ၃၀၀၅၈ | ၂၁၇ | ၁၅၃ | ၁၃၉ | ၉၁% |
| မြို့နယ်တရားရုံးများ | ၃၉၂၅၄၃ | ၃၇၉၅၇၈ | ၇၈၇ | ၄၉၉ | ၄၈၂ | ၉၇% |




ပုံ ၂၉ ၂၀၁၇ ခုနှစ်အတွင်း တရားသူကြီးတစ်ဦးစစ်ဆေးရသည့် အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ

[၃] စာချွန်တော်အမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌သာ စစ်ဆေးစီရင်ပါသည်။

၂၀၁၇ ခုနှစ်တွင် တရားရုံးအဆင့်အလိုက်တရားသူကြီးတစ်ဦးလျှင် လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်နှင့် စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့ကို ဇယား ( ၂၉ ) တွင် ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၄၃၄ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ၃၈၂မှု ဖြစ်ပါသည်။

တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်များတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၂၁၅ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ၁၈၉ မှု ဖြစ်ပါသည်။

ခရိုင်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၁၅၃ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ၁၃၉ မှု ဖြစ်ပါသည်။

မြို့နယ်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၄၉၉ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ၄၈၂ မှု ဖြစ်ပါသည်။

ရုံးအဆင့်တိုင်းတွင် တရားသူကြီးတစ်ဦးချင်း၏ စွမ်းဆောင်နိုင်သည့်ပမာဏထက် အမှုပမာဏ ပိုမိုများပြားနေကြောင်းတွေ့ရှိရပါသည်။

## အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း

၂၀၁၇ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့ စွဲဆိုခဲ့သည့် အရေးကြီးရာဇဝတ်မှုများဖြစ်သည့် မုဒိမ်းမှု၊ လူသတ်မှု ၊ မူးယစ်ဆေးဝါးမှု ၊ လူကုန်ကူးမှုများ၏ စွဲဆိုသည့် ပမာဏအရ ဖြစ်ပွားနေသည့်အခြေအနေကိုသိရှိစေရန် ရည်ရွယ်၍ဖော်ပြခြင်း ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှု စုစုပေါင်း ၃၄၆၅၀၃ ရှိပါသည်။ အဆိုပါအမှုများအနက် နေ့ချင်းပြီး စစ်ဆေးပြီးပြတ်ခဲ့သည့် အသေးအဖွဲမှု စုစုပေါင်း ၂၃၈၀၇၉ ရှိပါသည်။

ဇယား ၃၀. ၂၀၁၇ ခုနှစ်အတွင်း အရေးကြီးရာဇဝတ်အမှုအမျိုးအစားအလိုက် စွဲဆိုမှု

| အမှုအမျိုးအစား | စွဲဆိုမှု | ရာခိုင်နှုန်း |
|---|---|---|
| မုဒိမ်း | ၁၉၃၀ | ၁.၈% |
| လူသတ်မှု | ၁၂၁၄ | ၁.၁% |
| မူးယစ်ဆေးဝါး | ၉၀၅၂ | ၈.၃% |
| လူကုန်ကူးမှု | ၁၉၁ | ၀.၂% |
| အခြား | ၉၆၀၃၇ | ၈၈.၆% |
| စုစုပေါင်း | ၁၀၈၄၂၄ | ၁၀၀.၀% |




ပုံ ၃၀ ၂၀၁၇ ခုနှစ်အတွင်း အရေးကြီးရာဇဝတ်အမှုအမျိုးအစားအလိုက် စွဲဆိုမှု

ကျန်ရှိသည့် အမှုပေါင်း ၁၀၈၄၂၄ မှုတွင် **မုဒိမ်းမှု** ၁.၈%၊ **လူသတ်မှု** ၁.၁% ၊ **မူးယစ်ဆေးဝါးမှု** ၈.၃% ၊ **လူကုန်ကူးမှု** ၀.၂% နှင့် အခြားအမှု ၈၈.၆% စွဲဆိုခဲ့ပါသည်။[၄] အမှုအမျိုးအစား တစ်ခုချင်းအလိုက် အသေးစိတ်စာရင်းကို ဇယား(၃၀)တွင် ဖော်ပြထားပါသည်။

၂၀၁၇ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုများ၏ စွဲဆိုမှုအခြေပြဇယားကို **နောက်ဆက်တွဲ(ခ)**တွင် ဖော်ပြထားပါသည်။

**နောက်ဆက်တွဲ** (ခ) တွင် ဖော်ပြထားသည့်အတိုင်း အရေးကြီးအမှုများစွဲဆိုနှုန်းကို နှိုင်းယှဉ်လေ့လာရာတွင် **မုဒိမ်းမှု**ကို ဧရာဝတီတိုင်းဒေသကြီးတွင် စွဲဆိုမှုအများဆုံးဖြစ်ပြီး၊ **လူသတ်မှု**ကို မန္တလေးတိုင်းဒေသကြီးတွင် စွဲဆိုမှုအများဆုံး ဖြစ်ကြောင်းတွေ့ရှိရပါသည်။ **မူးယစ်ဆေးဝါးမှု** နှင့် **လူကုန်ကူးမှု** တို့ကို ရှမ်းပြည်နယ်တွင် စွဲဆိုမှုအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

---

*[၄] တစ်နိုင်ငံလုံးရှိ မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှုအရေအတွက်မှ နေ့ချင်းပြီး စစ်ဆေးပြီးပြတ်သည့်အမှုများကို နုတ်၍ ကျန်ရှိသည့်အမှုအရေအတွက်နှင့် အရေးကြီးအမှုအမျိုးအစား တစ်ခုချင်းအလိုက် စွဲဆိုသည့် အမှုအရေအတွက်ကို အချိုးယူတွက်ချက်ထားခြင်းဖြစ်ပါသည်။*

## အခြားကြိုးပမ်းဆောင်ရွက်မှုများ

### ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိမှု

***ရုံးခွန်***

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်တော်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှလည်းကောင်း၊ ရှေ့နေ ရှေ့ရပ်ကိစ္စများတွင် ရှေ့နေများနှင့်သက်ဆိုင်သူများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၁၇ ခုနှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများထမ်းဆောင်ရရှိငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| တရားရုံးများ | ရုံးခွန်ရရှိငွေ |
|---|---|
| ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁၄၇၃၈၅၅၇၉.၀၀ ကျပ် |
| တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ | ၃၉၈၅၄၆၅၀၁.၃၇ ကျပ် |
| ခရိုင်တရားရုံးများ | ၁၀၅၆၁၅၀၁၃၁.၂၇ ကျပ် |
| မြို့နယ်တရားရုံးများ | ၂၂၀၉၅၄၉၄၅.၈၈ ကျပ် |
| စုစုပေါင်း | ၁၈၂၃၀၃၇၁၅၇.၅၂ ကျပ် |

***ဒဏ်ငွေ***

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ တရားရုံးများမှကောက်ခံရရှိသောဒဏ်ငွေများကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ ရငွေများအဖြစ် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပါသည်။

တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသော ရာဇဝတ်မှုများကို စီရင်ဆုံးဖြတ်ရာတွင် ဒဏ်ငွေတပ်သည့် အမှုများပါဝင်ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်က တပ်ရိုက်သည့် ဒဏ်ငွေနှင့် ကောက်ခံရရှိသည့် ဒဏ်ငွေများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| တရားရုံးများ | တပ်ရိုက်ဒဏ်ငွေ | ကောက်ခံရဒဏ်ငွေ | ယခင်ကာလအပါအဝင် ကြွေးကျန် |
|---|---|---|---|
| တိုင်းဒေသကြီး၊ ပြည်နယ်တရား လွှတ်တော်များ | ၇၆၀၀၀၀ ကျပ် | ၇၆၀၀၀၀ ကျပ် | – |
| ခရိုင်တရားရုံးများ | ၆၄၀၆၀၆ ကျပ် | ၅၅၆၆၀၆ ကျပ် | ၃၅၃၀၅၀၀ ကျပ် |
| မြို့နယ်တရားရုံးများ | ၇၄၃၉၄၈၃၃၁၄ ကျပ် | ၇၄၂၆၉၅၃၃၁၄ ကျပ် | ၂၉၂၈၀၀၀၀ ကျပ် |

အချို့ရာဇဝတ်မှုများတွင် တရားခံများက ပေးဆောင်မှုမရှိ၍ ဒဏ်ငွေကြွေးကျန်ခြင်းဖြစ်ပါသည်။တရားရုံးများက ဒဏ်ငွေကြွေးကျန်များကိုကောက်ခံရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပါသည်။ တရားခံများက ကြီးလေးသောထောင်ဒဏ်ကျခံပြီး ဒဏ်ငွေပေးဆောင်နိုင်သည့် အခြေအနေမရှိခြင်း၊ဒဏ်ငွေကြွေးကျန်များကို မြေခွန်မပြေကျန်ငွေကဲ့သို့ကောက်ခံရန်ဆောင်ရွက်ရာတွင်တရားခံပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်စေ တစ်စုံတစ်ရာမရှိခြင်း၊ တရားခံများသည် လိပ်စာအတည်တကျနေထိုင်မှုမရှိခြင်းတို့ကြောင့် သတ်မှတ်နည်းလမ်းအတိုင်းကောက်ခံရန် မဖြစ်နိုင်သည့်အခြေအနေတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြဆောင်ရွက်ပါသည်။ယင်းတင်ပြချက်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ခွင့်ပြုသင့်သည်များကို ပယ်ဖျက်ရန် ဆောင်ရွက်ပေးပါသည်။ ကျန်ဒဏ်ငွေများကို ဥပဒေနှင့်အညီ ဆက်လက်ကောက်ခံရေးအတွက် ကြီးကြပ်ဆောင်ရွက်နေပါသည်။

## တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လက်အောက်တရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကိုလည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းလိုက်နာမှုတို့ကို ကြီးကြပ်ဆောင်ရွက်ပါသည်။ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်းနှင့် တာဝန်ထမ်းဆောင်ရာတွင် မှားယွင်းမှုတို့အတွက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိုက်သင့်သော အရေးယူဆောင်ရွက်မှုပြုလုပ်ပါသည်။

ထို့အပြင် တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ထံ လိပ်မူတိုင်ကြားမှုများနှင့် နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ လွှတ်တော်များ၊ လွှတ်တော်ကော်မတီများမှ တစ်ဆင့်ပေးပို့တိုင်ကြားမှုများကိုလည်း နည်းလမ်းတကျစိစစ်၍ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်ရုံးအဖွဲ့သည် တိုင်ကြားစာ အမျိုးအစားအလိုက်စာရင်းရေးသွင်း၍ကနဦးစိစစ်ပါသည်။ တိုင်ကြားစာတွင်တိုင်ကြားသူ၏လိပ်စာမှန်ကန်စွာဖော်ပြ၍ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန်မဟုတ်သည့် တရားရုံး၏ ဆောင်ရွက်မှုအပေါ်တိုင်ကြားစာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး ဦးဆောင်သည့် တိုင်ကြားစာစိစစ်ပြန်ကြားရေးကော်မတီက စုံစမ်းစစ်ဆေးပြီး အရေးယူဆောင်ရွက်ပါသည်။

၁-၁-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ရက်နေ့အထိ လက်ခံရရှိခဲ့သည့် တိုင်ကြားစာ (၃၄၀၁) စောင်တွင်(၃၃၈၆)စောင်စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး၊ ကျန်တိုင်ကြားစာ(၁၅)စောင်မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်ဆဲဖြစ်ပါသည်။ စုံစမ်းစစ်ဆေးချက်အရ တရားစီရင်ရေးလမ်းကြောင်း အရ ဆောင်ရွက်ရန် တိုင်ကြားစာ(၂၃၇၃) စောင်နှင့် တိုင်တန်းမှုမမှန်ကန်သည့် တိုင်ကြားစာ (၁၀၀၈) စောင်ကို ပိတ်သိမ်းခဲ့ပါသည်။ လက်အောက်ဝန်ထမ်းအပေါ် ကြီးကြပ်မှုအားနည်းခြင်း၊ ဥပဒေလုပ်ထုံးလုပ်နည်း မလိုက်နာခြင်းနှင့် ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းဖောက်ဖျက်မှုတို့ ပေါ်ပေါက်သည့် တိုင်ကြားစာ (၅) စောင်ကို အရေးယူဆောင်ရွက်ခဲ့ပါသည်။

| ရရှိသည့် တိုင်စာ | စုံစမ်းစစ်ဆေးသည့် တိုင်စာများ | | | |
|---|---|---|---|---|
| | စုံစမ်းစစ်ဆေးမှု ပြုလုပ်ဆဲ | တရားစီရင်ရေးလမ်းကြောင်း အရ ဆောင်ရွက်ရန် ပိတ်သိမ်းခြင်း | တိုင်တန်းမှု မမှန်ကန်၍ ပိတ်သိမ်းခြင်း | အရေးယူ အပြစ်ပေးခြင်း |
| ၃၄၀၁ | ၁၅ | ၂၃၇၃ | ၁၀၀၈ | ၅ |

တိုင်စာအရ အရေးယူအပြစ်ပေးခံရသူ (၅) ဦးတို့မှာ သတိပေးပြစ်ဒဏ်ခံရသူ ၂ ဦး ၊ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်းခံရသူ (၁) ဦး၊ ရာထူးတိုးမြှင့်ခြင်းကိုရပ်ဆိုင်းခြင်းခံရသူ (၁) ဦး၊ လစာနှုန်းအတွင်း လစာလျှော့ချခြင်းပြစ်ဒဏ်ခံရသူ (၁) ဦး တို့ ဖြစ်ပါသည်။

ထို့အပြင် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်းမလိုက်နာခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်းတို့အတွက် အရေးယူဆောင်ရွက်မှုများကိုလည်းပြုလုပ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိ / တရားသူကြီး (၈၈) ဦး၊ ရုံးဝန်ထမ်း (၇၂) ဦး၊ စုစုပေါင်း (၁၆၀) ဦးတို့အား ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ ရာထူးအလိုက် ဝန်ထမ်းပြစ်ဒဏ်ချမှတ်ခဲ့မှုအခြေအနေကို **နောက်ဆက်တွဲ** (ဂ) တွင် ဖော်ပြထားပါသည်။

## လူ့စွမ်းအားအရင်းအမြစ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများတွင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် စီရင်ပိုင်ခွင့်အာဏာအရပ်ရပ်ကို အပ်နှင်းခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ခြင်းတို့ ပြုလုပ်ပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်တွင်တာဝန် ထမ်းဆောင်သော တရားရေးအရာရှိ / တရားသူကြီး ၁၂၉၁ ဦးနှင့် ရုံးဝန်ထမ်း ၄၄၄၄ ဦး ရှိပါသည်။ ၂၀၁၇ ခုနှစ်အတွင်း တရားရေးဝန်ထမ်းအဆင့် (၄) (ဒုတိယမြို့နယ်တရားသူကြီးဆင့်) ၁၅၆ ဦး ကိုအသစ်ခန့်အပ်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက်အင်အားစာရင်းကို **နောက်ဆက်တွဲ (ဃ)** တွင် ဖော်ပြထားပါသည်။

## လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု

တရားသူကြီးများ၏အရည်အသွေးပြည့်ဝမှုသည် ပြည်သူအများယုံကြည်အားထားရသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာရေးတွင် အဓိကဖြစ်သည်ဟု ခံယူထားသည့်အတိုင်း တရားသူကြီးနှင့်တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် စဉ်ဆက်မပြတ် အားထုတ်ဆောင်ရွက်လျက် ရှိပါသည်။

တရားစီရင်ရေးဆိုင်ရာစွမ်းဆောင်ရည်တိုးတက်ရေးအတွက်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လေ့ကျင့်သင်တန်းကျောင်းတွင် ပုံမှန်သင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း ဒုတိယမြို့နယ်တရားသူကြီးအသစ်များအတွက် လုပ်ငန်းဝင်သင်တန်း (၁) ကြိမ်၊ မြို့နယ်အဆင့်တရားသူကြီးများ အတွက်မွမ်းမံသင်တန်း (၁) ကြိမ် နှင့် ခရိုင်အဆင့်တရားသူကြီးများ အတွက်မွမ်းမံသင်တန်း (၁) ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။ ဒုတိယမြို့နယ်တရားသူကြီးအသစ် (၇၇) ဦး၊ မြို့နယ်အဆင့်တရားသူကြီး (၄၀) ဦးနှင့် ခရိုင်အဆင့်တရားသူကြီး (၃၀) ဦးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။




*တရားသူကြီးအသစ်များအတွက် လုပ်ငန်းဝင်သင်တန်းကို လှိုင်သာယာသင်တန်းကျောင်း၌ ကျင်းပစဉ်*

တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့ အစည်းများနှင့်ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေးသင်တန်း၊ မျှတသည့်တရားစီရင်ရေးစံနှုန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာသင်တန်း၊ ပြစ်မှုဆိုင်ရာအမှုများဆန်းစစ်ခြင်းကျွမ်းကျင်မှုသင်တန်း၊ ကလေး သူငယ်တရားစီရင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း၊ သက်သေခံအမျိုးအစားအသစ်များကို မည်သို့ကိုင်တွယ် ဖြေရှင်းမည်စသည့် သင်တန်းစုစုပေါင်း (၁၇) ကြိမ် ဖွင့်လှစ်ခဲ့ပြီး၊ တရားသူကြီးများ နှင့် တရားရေးအရာရှိ ၄၇၈ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။




*မျှတသည့်တရားစီရင်ရေးစံနှုန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းကို ကချင်ပြည်နယ် တရားလွှတ်တော်၌ ကျင်းပစဉ်*




*မျှတသည့်တရားစီရင်ရေး စံနှုန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းကို ရခိုင်ပြည်နယ် တရားလွှတ်တော်၌ ကျင်းပစဉ်*

အထူးပြုဥပဒေဘာသာရပ်များတွင် ကျွမ်းကျင်မှုရှိစေရန်အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာအကူအညီဖြင့် အလုပ်ရုံဆွေးနွေးပွဲ (၁၄) ကြိမ် ကျင်းပခဲ့ပါသည်။




*သတင်းအချက်အလက်ကောက်ယူခြင်းနှင့်ဆန်းစစ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၊ Park Royal Hotel ၌ ကျင်းပစဉ်*




*အသိဉာဏ်ပစ္စည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ၊ Park Royal Hotel ၌ ကျင်းပစဉ်*




*ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုအသွင်ပြောင်းလဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ၊ Park Royal Hotel ၌ ကျင်းပစဉ်*

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းတက္ကသိုလ်များတွင် မဟာဥပဒေဘွဲ့သင်တန်းတက်ရောက်ရန် တရားသူကြီး(၁) ဦး၊ မဟာသုတေသန (ဥပဒေ)ဘွဲ့ သင်တန်း တက်ရောက်ရန် တရားသူကြီး(၁)ဦး၊ ဥပဒေပါရဂူဘွဲ့ သင်တန်းတက်ရောက်ရန် တရားသူကြီး (၄) ဦး၊ နိုင်ငံခြားပညာတော်သင်အစီအစဉ်ဖြင့် မဟာဥပဒေဘွဲ့သင်တန်း တက်ရောက်ရန် တရားသူကြီး (၇) ဦး၊ ဥပဒေပါရဂူဘွဲ့သင်တန်းတက်ရောက်ရန် တရားသူကြီး(၁) ဦး၊ အကြီးတန်းသုတေသနသင်တန်း တက်ရောက်ရန် တရားရေးအရာရှိ (၁) ဦး တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

တရားရုံးဝန်ထမ်းများအတွက်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်ကွန်ပျူတာကျွမ်းကျင်မှုသင်တန်း(၄)ကြိမ်၊တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် တရားရုံးဝန်ထမ်းအဆင့်ဆင့်၏ တရားရုံးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်း (၆၆) ကြိမ်၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မျှတသည့်တရားစီရင်ရေးစံနှုန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာသင်တန်း၊ တရားဥပဒေစိုးမိုးရေးသင်တန်း (၅) ကြိမ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ကွန်ပျူတာကျွမ်းကျင်မှုသင်တန်း(၄) ကြိမ်တွင် တရားရုံးဝန်ထမ်း စုစုပေါင်း(၄၈)ဦး ကို လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ တရားရုံးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း (၆၆) ကြိမ်တွင် တရားရုံးဝန်ထမ်း စုစုပေါင်း(၁၂၉၂)ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ မျှတသည့်တရားစီရင်ရေးစံနှုန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာသင်တန်း၊ တရားဥပဒေစိုးမိုးရေးသင်တန်း (၅) ကြိမ်တွင် တရားရုံးဝန်ထမ်း စုစုပေါင်း(၁၂၇) ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။



တရားရုံးဝန်ထမ်းများအတွက် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်း ကျင်းပစဉ်



တရားရုံးဝန်ထမ်းများအတွက် ကွန်ပျူတာ ကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ကျင်းပစဉ်

## သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးများ၏စီမံခန့်ခွဲရေးလုပ်ငန်း၊ မှုခင်းစီမံခန့်ခွဲရေးလုပ်ငန်း၊ အများပြည်သူသို့ သတင်းအချက်အလက်ဖြန့်ဝေသည့် လုပ်ငန်းတို့ ထိရောက်အောင်မြင်စေရန် ၂၀၁၇ ခုနှစ်အတွင်း သတင်းအချက်အလက်နည်းပညာအသုံးပြုမှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

အာဆီယံနိုင်ငံများ၏ ASEAN Judiciaries Portal ထားရှိရန် စင်ကာပူနိုင်ငံတရားရုံးချုပ်က ဦးဆောင်၍ Working Committee ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် စတင်မိတ်ဆက်မည်ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ASEAN Judiciaries Portal နှင့်ချိတ်ဆက်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်လက်အောက်ရုံးအဆင့်ဆင့်တွင် အမှုလက်ခံဆောင်ရွက်ရာ၌ လက်ရှိကျင့်သုံးနေသော သမားရိုးကျအမှုလက်ခံဆောင်ရွက်သည့်စနစ်အစား Case Management System (CMS) စနစ် ပြောင်းလဲအစားထိုးကျင့်သုံးနိုင်ရန် ပြင်ဆင်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တပ်ဆင်ရန်ကျန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်(၅)ခုတို့အကြား အပြန်အလှန် လုံခြုံစွာ ချိတ်ဆက်နိုင်မည့် Network Infrastructure များ၊ Video Conferencing System များ တပ်ဆင်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ တရားစီရင်ရေးနယ်ပယ်တွင် ICT နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၅ နှစ် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ Case Management System (CMS) စနစ်အား စတင်အသုံးပြုဆောင်ရွက်နိုင်ရန်အတွက် Software Installation ပြုလုပ်ခြင်း၊ Data များ ထည့်သွင်းခြင်း၊ CMS စနစ်တွင် မိမိတို့လိုအပ်သည့် အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးခြင်းများကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။




*ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ Server Room အား Mini Data Center အဖြစ် ပြင်ဆင်ဆောင်ရွက်ထားရှိမှု*



*ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ကချင်ပြည်နယ်တရားလွှတ်တော်၊
ချင်းပြည်နယ်တရားလွှတ်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့
Video Conferencing System ဖြင့် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပနေစဉ်*





**တရားရုံးလုပ်ငန်းများ အများပြည်သူ လက်လှမ်းမီရေးနှင့် အသိအမြင်မြှင့်တင်ရေးဆောင်ရွက်ပေးခြင်း**

မြန်မာတရားစီရင်ရေးသည် ပြည်သူတို့၏တရားမျှတမှုလက်လှမ်းမီစေရေးနှင့် အသိအမြင်မြှင့်တင်ရေးအတွက် အမှုများကို မျှတလျင်မြန်စွာ ဖြေရှင်းနိုင်ရန် လိုအပ်သည့်အကူအညီနှင့် သတင်းအချက်အလက်များ ဖြည့်ဆည်းပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website: http://www.unionsupremecourt.gov.mm တွင် တရားရုံးဆိုင်ရာသတင်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုတင်အမှုခေါ်စာရင်းများ၊ စီရင်ချက်ချမှတ်မည့်အမှုများစာရင်းကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ ကြိုတင်အမှုခေါ်စာရင်းများ၊ စီရင်ချက်ချမှတ်မည့် အမှုများစာရင်းကို လွှင့်တင်ဖော်ပြပေးခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ @ousc.publicrelations လူမှုကွန်ယက်မှတစ်ဆင့် ပြည်သူလူထုအတွင်းသို့ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ဖွဲ့စည်းမှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပ Law Firms များ၊ ရှေ့နေအသင်းအဖွဲ့များနှင့် Law Firms ကုမ္ပဏီများ၏ အမည်၊ နေရပ်လိပ်စာတို့အား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website:http://www.unionsupremecourt.gov.mm တွင် လွှင့်တင်ဖော်ပြပေးခဲ့ပါသည်။

တရားရုံးများနှင့် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများကို အများပြည်သူသိရှိစေရန် တရားစီရင်ရေး၏မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ၏ ဒုတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၆) စာအုပ်၊ တတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၇) စာအုပ်၊ "မြန်မာနိုင်ငံတရားစီရင်ရေး (၂၀၁၁-၂၀၁၅) နှင့် မဟာဗျူဟာပထမနှစ်လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာ" စာအုပ်၊ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်၊ မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်စာအုပ်၊ တရားရုံးသတင်း မီဒီယာလက်စွဲ၊ အမှုသွားအမှုလာစီမံခန့်ခွဲမှုအစီအစဉ် စာအုပ်နှင့် တရားမမှု၊ ရာဇဝတ်မှုနှင့် စာချွန်တော်အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ၊ သင့်အတွက်တရားရုံး လက်ကမ်းစာစောင်တို့အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website တွင် လွှင့်တင်ဖော်ပြပေးခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရန်ကုန်တက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူ (၁၆၂) ဦး၊ မန္တလေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူစုစုပေါင်း (၅၆) ဦး၊ ပုသိမ်တက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူ (၉၂) ဦး၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူ စုစုပေါင်း (၁၈၁) ဦး၊ တောင်ငူတက္ကသိုလ်ဥပဒေပညာဌာနမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူ (၂၂၅) ဦး၊ မကွေး

တက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ/ဆရာမများ နှင့် ကျောင်းသား/ကျောင်းသူစုစုပေါင်း (၅၈)ဦးတို့ ၏ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ပေးခဲ့ပါသည်။



*ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်လေ့လာစဉ်*



*တောင်ငူတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်လေ့လာစဉ်*

၂၀၁၇ ခုနှစ်၊ဧပြီလ ၄ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနတွင် နိုင်ငံတော်အစိုးရ၏ ပထမ တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက် သည့် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ် များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင် ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ တရားစီရင်ရေးဆိုင်ရာ အမှုသွားအမှုလာစီမံခန့်ခွဲမှု၊ တရားစီရင် ရေး၏ သုံးနှစ်တာမဟာဗျူဟာစီမံကိန်း၊ တရားစီရင်ရေးကျင့်ဝတ်စသည့် အကြောင်းအရာများ အပါ အဝင် တရားစီရင်ရေးမဏ္ဍိုင်က ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်း ပြောကြားပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ပါသည်။




*နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်*

သတင်းမီဒီယာဥပဒေနှင့်အညီ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များ ရယူနိုင် ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် ခန့်အပ်ထားသော သတင်းပြန်ကြားရေးအရာရှိ (Public Information Officer)များနှင့် ခရိုင်၊ မြို့နယ်အဆင့်တရားရုံးများတွင် ခန့်အပ်ထားသော သတင်းပြန်ကြားရေးအရာရှိ (Court Informa -tion Officer)များက ၁-၁-၂၀၁၇ ရက်နေ့မှ ၃၁-၁၂-၂၀၁၇ ရက်နေ့အတွင်း သတင်းမီဒီယာများနှင့် အကြိမ်(၁၅၀) တွေ့ဆုံ၍ မေးမြန်းချက်များကို လက်ခံဖြေကြားခဲ့ပါသည်။

## တရားရုံးအသစ်များနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း

၂၀၁၇ ခုနှစ်အတွင်း မန္တလေးခရိုင်တရားရုံး၊ မောင်းတောခရိုင်တရားရုံး၊ တပ်ကုန်းမြို့နယ်တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်တို့ကို ဆောက်လုပ်ခဲ့ပါသည်။ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ဒက္ခိဏခရိုင်တရားရုံးနှင့် မြောက်ဥက္ကလာပမြို့နယ်တရားရုံးတို့တွင် ဝန်ထမ်းအိမ်ရာများကို စတင်ဆောက်လုပ်ခဲ့ရာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။



*ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးဝန်ထမ်းအိမ်ရာ*

## ပြင်ဆင်သည့် ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ အရ တရားစီရင်ရေးကဏ္ဍပါ ကိစ္စရပ်များအတွက် ဥပဒေမူကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၇ ခုနှစ်အတွင်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ခရစ်ယာန်ထိန်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်

ဥပဒေနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေတို့ကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူဆောင်ရွက်ခဲ့သော ပြင်ဆင်ခဲ့သည့် ဥပဒေများနှင့် နည်းဥပဒေသစ်တို့၏စာရင်းကို **နောက်ဆက်တွဲ** (င) တွင် ဖော်ပြထားပါသည်။



**မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ် ထုတ်ပြန်ခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးတာဝန်ထမ်းဆောင်နေကြသည့် မြန်မာနိုင်ငံ တရားသူကြီးများအတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် ညီညွတ်သော တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။




**၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့၏ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပထမဦးဆုံး တရားရုံးနှစ်စဉ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ထုတ်ဝေခဲ့ပါသည်။



**မြန်မာနိုင်ငံတရားစီရင်ထုံး (၂၀၁၆) ထုတ်ဝေခြင်း**

၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ချမှတ်ခဲ့သည့် စီရင်ချက်များအနက် ဥပဒေပြဿနာ၊ အကြောင်းခြင်းရာပြဿနာများနှင့် စပ်လျဉ်း၍ စံပြုထိုက်သော စီရင်ချက်များကို မြန်မာနိုင်ငံတရားစီရင်ထုံး (၂၀၁၆) အဖြစ် ထုတ်ဝေခဲ့ပါသည်။ အဆိုပါ စီရင်ထုံးစာအုပ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website တွင်လည်း ဖတ်ရှုနိုင်ပါသည်။

## ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ ရရှိရေး ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇ နှင့် ၆၈ တို့နှင့်အညီ ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေးနှင့် အမှုများ စစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အကျဉ်းထောင်(၇)ခုသို့လည်းကောင်း၊ တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားလွှတ်တော် တရားသူကြီး များက ရဲတပ်ဖွဲ့အချုပ်စခန်း (၁၅၃) ခု၊ အကျဉ်းထောင် (၃၈) ခုနှင့် ရဲဘက်စခန်း (၁၉) ခုတို့အား လည်းကောင်း၊ ခရိုင်တရားသူကြီးများက ရဲတပ်ဖွဲ့အချုပ်စခန်း (၂၉၂) ခု၊ ရဲဘက်စခန်း (၇)ခု၊ အကျဉ်းထောင်(၁၇)ခုသို့လည်းကောင်း သွားရောက်စစ်ဆေး၍ အကျဉ်းသားနှင့်အချုပ်သားများ အတွက် လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။

## တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း

### *ဒေသတွင်း တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ခြင်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတရားစီရင်ရေး ကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး သည် အာဆီယံတရားသူကြီးချုပ်များ၏ပူးပေါင်းဆောင်ရွက်မှုအတွက် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက် နေ့တွင် ဘရူးနိုင်းနိုင်ငံ၊ဘန်ဒါဆရီဘီဂါဝမ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် “(၅)ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များအစည်းအဝေး” သို့ လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်နှင့် ၈ ရက်နေ့ တို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် “ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားမျှတမှုဖိုရမ်”သို့လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်မှ၂၁ ရက်နေ့ထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် “(၁၇)ကြိမ်မြောက် အာရှ-ပစိဖိတ် တရားသူကြီးချုပ်များညီလာခံ”သို့လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊ မာကာတီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် “အာဆီယံတရားသူကြီးချုပ်များကောင်စီ အထူးအစည်းအဝေး” သို့လည်းကောင်း တက်ရောက်ခဲ့ပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ပါဝင်ဆွေးနွေးခဲ့သည့် ပြည်ပအစည်းအဝေး/ ဆွေးနွေးပွဲများစာရင်းကို **နောက်ဆက်တွဲ (စ)** တွင် ဖော်ပြထားပါသည်။




“(၅) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များအစည်းအဝေး”
တက်ရောက်စဉ်




“ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားမျှတမှုဖိုရမ်” တက်ရောက်စဉ်




“(၁၇)ကြိမ်မြောက် အာရှ-ပစိဖိတ် တရားသူကြီးချုပ်များညီလာခံ”
တက်ရောက်စဉ်



*ဂျပန်နိုင်ငံ၊တိုကျိုမြို့တွင် ဂျပန်နိုင်ငံတရားသူကြီးချုပ် The Hon. Itsuro TERADA နှင့် တွေ့ဆုံခဲ့သည့် မှတ်တမ်းဓာတ်ပုံ*




*အာဆီယံတရားသူကြီးချုပ်များအထူးအစည်းအဝေးတွင် အာဆီယံတရားသူကြီးချုပ်များက Manila Declaration အား လက်မှတ်ရေးထိုးစဉ်*

### *အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်းတတိယ နှစ်အစီအစဉ်(၂၀၁၇)ကို အကျိုးသက်ဆိုင်သူများ၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ကလေးသူငယ်တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF) နှင့်လည်းကောင်း၊ ဥပဒေကြမ်းရေးဆွဲခြင်းဆိုင်ရာလုပ်ငန်း (Legal Drafting)၊ တရားသူကြီးများ အရည်အသွေးတိုးမြှင့်ရေးလုပ်ငန်း (Capacity Building)၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မှုခင်းစနစ် နှင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းသည့်ကိစ္စရပ်များအတွက် ဂျပန်နိုင်ငံအပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့်လည်းကောင်း၊ ရှေ့ပြေးတရားရုံးအစီအစဉ် တိုးချဲ့ဆောင်ရွက်မှုကို အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေ စိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း (USAID-PRLP) နှင့်ပူးပေါင်း၍ လည်းကောင်း၊ တရားဥပဒေစိုးမိုး ရေးနှင့် တရားမျှတမှုအခွင့်အလမ်းရရှိရေး (Rule of Law and Access to Justice) လုပ်ငန်းများ အတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) နှင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ တရားသူကြီး များအတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့်အညီ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ် ပေါ်ပေါက်လာရေး နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဒိန်းမတ်- မြန်မာနိုင်ငံအစီအစဉ် အောက်တွင် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များအဖွဲ့ (International Commission of Jurists– ICJ) နှင့်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်္ကာပူသမ္မတနိုင်ငံ၊ ဥပဒေရေးရာဝန်ကြီးဌာနတို့၏ ဥပဒေရေးရာအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ၏ တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် လက်ခံတွေ့ဆုံခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကိုယ်စားလှယ်များစာရင်း ကို **နောက်ဆက်တွဲ (ဆ)** တွင် ဖော်ပြထားပါသည်။

*ပြည်ထောင်စုတရားသူကြီးချုပ်က အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်*



### *တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များ ချုပ်ဆိုခြင်း*

မြန်မာနိုင်ငံ၏တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့၏ “မြန်မာနိုင်ငံဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့်သက်ဆိုင်သည့် ကဏ္ဍများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်အပိုင်း(၂) ဆွေးနွေးချက်မှတ်တမ်း” ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။




*ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့*
*“မြန်မာနိုင်ငံဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် သက်ဆိုင်သည့်ကဏ္ဍများ၏*
*စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်အပိုင်း(၂) ဆွေးနွေးချက်မှတ်တမ်း ” ကို လက်မှတ်ရေးထိုးစဉ်*

## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ

### မဟာဗျူဟာစီမံကိန်း တတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၇) အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာ

မြန်မာနိုင်ငံတရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများအတွက် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇) ၏ လုပ်ငန်းအစီအစဉ်များ နှစ်စဉ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မဟာဗျူဟာစီမံကိန်း ပထမနှစ်လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာ(၂၀၁၅) ကို မြန်မာနိုင်ငံတရားစီရင်ရေး(၂၀၁၁-၂၀၁၅)နှင့် မဟာဗျူဟာပထမနှစ်လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာ စာအုပ်တွင်လည်းကောင်း၊ ဒုတိယနှစ်လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာ(၂၀၁၆) ကို ၂၀၁၆ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာတွင်လည်းကောင်း ထည့်သွင်း၍ ထုတ်ပြန်ခဲ့သည်။ မဟာဗျူဟာစီမံကိန်း တတိယနှစ်လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာ(၂၀၁၇)ကို အောက်ပါလုပ်ငန်းရပ်များဖြင့် တိုင်းတာဖော်ပြအပ်ပါသည်။

### *၂၀၁၇ ခုနှစ်၊ တရားရုံး၏အဓိကဆောင်ရွက်မှုကို တိုင်းတာခြင်း*

တတိယနှစ်လုပ်ငန်းအစီအစဉ်အရ ၂၀၁၇ခုနှစ်၊ တရားရုံး၏ အဓိကဆောင်ရွက်မှုကို တစ်နိုင်ငံလုံးနှင့် ရှေ့ပြေးတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းတို့အရ တိုင်းတာပါသည်။ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို တစ်နိုင်ငံလုံး၏ ၂၀၁၇ ခုနှစ်၊ အမှုစာရင်းများအရလည်းကောင်း၊ ကနဦးရှေ့ပြေးတရားရုံးများဖြစ်သည့် လှိုင်သာယာမြို့နယ်တရားရုံး၊ ဘားအံမြို့နယ်တရားရုံးနှင့် တောင်ငူခရိုင်တရားရုံး၊ တိုးချဲ့ရှေ့ပြေးတရားရုံးများဖြစ်သည့် ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံး၊ မကွေးမြို့နယ်တရားရုံး၊ မော်လမြိုင်ခရိုင်တရားရုံးနှင့် မုံရွာခရိုင်တရားရုံးတို့၏ အမှုပြီးပြတ်နှုန်းကို ၂၀၁၇ခုနှစ်၊အမှုစာရင်းတို့အရလည်းကောင်း တိုင်းတာပါသည်။

စစ်ဆေးဆဲအမှုများ၏သက်တမ်း၊ အမှုချိန်းဆိုမှုသေချာခြင်း၊ တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်းကို ကနဦးရှေ့ပြေးတရားရုံးများ၏နှစ်နှစ်တာအကောင်အထည်ဖော်မှု(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ မှ ၂၀၁၇ ခုနှစ်၊ ဇွန်လအထိ)၊ တိုးချဲ့ရှေ့ပြေးတရားရုံးများ၏ တစ်နှစ်တာအကောင်အထည်ဖော်မှု(၂၀၁၆ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၇ခုနှစ်၊ ဩဂုတ်လအထိ) ဆန်းစစ်လေ့လာသည့် အစီရင်ခံစာတို့အရ တိုင်းတာပါသည်။

### *မဟာဗျူဟာစီမံကိန်းတတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၁၇)၏ အောင်မြင်မှုများ*

၂၀၁၇ ခုနှစ်တွင် ထိပ်တန်းအဆင့်ဦးစားပေးအစီအစဉ်များကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ တရားရုံးမိတ်ဖက်အဖွဲ့အစည်းများနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ကြိုးမားသည့် ဝိုင်းဝန်းဆောင်ရွက်ပေးမှုဖြင့် ပြီးမြောက်

အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၏ ထင်ရှားသည့် အောင်မြင်မှုအချို့မှာ -

- ♦ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ထုတ်ဝေခြင်း၊
- ♦ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို ရေးဆွဲထုတ်ပြန်ရန် ဆောင်ရွက်ခြင်း၊
- ♦ မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်စာအုပ် ထုတ်ပြန်ခြင်း
- ♦ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများ ထုတ်ပြန်ခြင်း စသည်တို့ ဖြစ်ပါသည်။

***တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ၏ အဓိကလုပ်ငန်းလျာထားသတ်မှတ်ချက်များ***

| အဓိက ဆောင်ရွက်မှု အတိုင်းအတာ | ရည်ရွယ်ချက် | အချက်အလက် အရင်းအမြစ် | အခြေခံမျဉ်း | ရည်မှန်းကာလ | | |
|---|---|---|---|---|---|---|
| | | | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် |
| **အမှုပြီးပြတ်နှုန်း (စွဲဆိုမှုနှင့် ဆုံးဖြတ်ပြီးမှု အချိုးအစား)** | ပြည်သူ့ဘဏ္ဍာ အသုံးပြုရာတွင် လုံလောက် ထိရောက်မှု၊ တာဝန်ခံမှု တို့ကို တိုင်းတာခြင်း | တစ်နိုင်ငံလုံး အမှုစာရင်း အစီရင်ခံစာ [၁] | တရားမ ၉၁% | ၉၃% | ၉၇% | ၁၀၀% |
| | | | ရာဇဝတ်မှု ၉၈.၅% | ၉၉% | ၉၉.၅% | ၁၀၀% |
| | | | စုစုပေါင်း ၉၇% | ၉၈% | ၉၉% | ၁၀၀% |
| | | ရှေ့ပြေး တရားရုံး အမှုစာရင်း အစီရင်ခံစာ [၂] | တရားမ ၉၇% | ၉၈% | ၉၉% | ၁၀၀% |
| | | | ရာဇဝတ်မှု ၉၂% | ၉၄% | ၉၇% | ၁၀၀% |
| | | | စုစုပေါင်း ၉၃% | ၉၅% | ၉၈% | ၁၀၀% |
| **စစ်ဆေးဆဲ အမှုများ၏ သက်တမ်း** | ပြည်သူတို့၏ ယုံကြည်မှု ရရန် အတွက် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်မှုနှင့် ယုံကြည်စိတ်ချရမှုကို တိုင်းတာခြင်း | စစ်ဆေးဆဲ အမှုများအား ဆန်းစစ်လေ့လာသည့် အစီရင်ခံစာ [၃] | ရာဇဝတ်မှု တစ်နှစ် အထက် ၇.၂% | ၆.၅% | ၆% | ၅% |
| | | | ရာဇဝတ်မှု နှစ်နှစ် အထက် ၀.၃% | ၀% | ၀% | ၀% |
| | | | တရားမ တစ်နှစ်အထက် ၁၉.၇% | ၁၅% | ၁၀% | ၅% |
| | | | တရားမ နှစ်နှစ်အထက် ၁.၃% | ၁% | ၀.၅% | ၀% |

*[၁] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် တရားရုံးများအားလုံး၏အမှုစွဲဆိုမှုနှင့် ပြီးပြတ်မှုအမှုစာရင်းဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီရင်ခံစာ ဖြစ်ပါသည်။*

*[၂] အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် ရှေ့ပြေးတရားရုံး (၃) ရုံး၏အမှုစွဲဆိုမှုနှင့် ပြီးပြတ်မှုအမှုစာရင်းဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီရင်ခံစာ ဖြစ်ပါသည်။*

*[၃] အခြေခံမျဉ်းအချက်အလက်၏အရင်းအမြစ်မှာ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ရှေ့ပြေးတရားရုံး(၃)ရုံးများ (ခရိုင်တရားရုံး ၁ ရုံးနှင့် မြို့နယ်တရားရုံး ၂ ရုံး)တွင် ဆောင်ရွက်ခဲ့သည့် စစ်ဆေးဆဲအမှုများဆိုင်ရာဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။*

| အဓိက ဆောင်ရွက်မှု အတိုင်းအတာ | ရည်ရွယ်ချက် | အချက်အလက် အရင်းအမြစ် | အခြေခံ မျဉ်း | ရည်မှန်းကာလ | | |
|---|---|---|---|---|---|---|
| | | | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် |
| တရားရုံး အသုံးပြုသူများ၏ ကျေနပ်မှု | လက်လှမ်းမှီခြင်း၊ အရည်အသွေး၊ မျှတမှု၊ သာတူညီမျှမှု၊ လွတ်လပ်မှု၊ ဂုဏ်သိက္ခာနှင့် ပြည်သူများ ယုံကြည်မှု အညွှန်းကိန်း | တရားရုံးအသုံးပြုသူများကို မေးမြန်းထားသည့် မေးခွန်း (၁၀) ခုပါ စစ်တမ်း [၄] | ၆၁.၅၅% | ၆၄% | ၇၂% | ၈၀% |
| အမှုရုံးချိန်းသေချာမှု<br>- ရွှေ့ဆိုင်းသည့်နှုန်း (ရုံးချိန်း ချိန်းဆိုမှုနှင့် ရုံးချိန်း ရွှေ့ဆိုင်းမှုအချိုး)<br>- အမှုအလိုက် ရုံးချိန်းချိန်းဆိုမှု အကြိမ် အရေအတွက် | ထိရောက်မှုနှင့် ပြည်သူများ ယုံကြည်မှုအတွက် အမှုချိန်းဆိုမှုနှင့် ရွှေ့ဆိုင်းမှုကို တိုင်းတာခြင်း | ပိတ်သိမ်းပြီးအမှုများ၏ အမှုချိန်းဆိုမှုနှင့် ရွှေ့ဆိုင်းမှု အကြိမ်အရေအတွက် လေ့လာသည့် အစီရင်ခံစာ [၅] | တရားမ ၂၅% | ၂၂% | ၁၈% | ၁၀% |
| | | | ပြစ်မှု ၄၀% | ၃၅% | ၃၀% | ၂၀% |
| | | ပိတ်သိမ်းပြီးအမှုများ၏ အမှုချိန်းဆိုမှု အကြိမ်အရေအတွက် လေ့လာသည့် အစီရင်ခံစာ [၆] | တရားမ ၁၆ | ၁၃ | ၁၀ | ၈ |
| | | | ပြစ်မှု ၁၀ | ၉ | ၇ | ၆ |

[၄] *အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်း ရွှေ့ပြေးတရားရုံး (၃) ရုံး (ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး) တို့တွင် ဆောင်ရွက်ခဲ့သည့် တရားရုံးအသုံးပြုသူများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။*

[၅] *အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်း ရွှေ့ပြေးတရားရုံး (၃) ရုံး (ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး) တို့တွင် ဆောင်ရွက်ခဲ့သည့် ပိတ်သိမ်းပြီးအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။*

[၆] *အခြေခံမျဉ်းအချက်အလက်၏ အရင်းအမြစ်မှာ ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်း ရွှေ့ပြေးတရားရုံး (၃) ရုံး (ခရိုင်တရားရုံး ၁ ရုံး နှင့် မြို့နယ်တရားရုံး ၂ ရုံး) တို့တွင် ဆောင်ရွက်ခဲ့သည့် ပိတ်သိမ်းပြီးအမှုများဆိုင်ရာ ဆန်းစစ်လေ့လာမှု ဖြစ်ပါသည်။*

*တရားရုံး၏ဆောင်ရွက်မှုတိုးတက်စေရန် ရည်မှန်းချက်များနှင့် လျာထားသတ်မှတ်ချက်များ*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၅-၂၀၁၇ ခုနှစ် သုံးနှစ်တာ မဟာဗျူဟာ စီမံကိန်းတွင် တရားရုံး၏ဆောင်ရွက်မှု တိုးတက်စေရန် ရည်မှန်းချက်များနှင့် လျာထားချက်များ သတ်မှတ်ထားပါသည်။ နှစ်စဉ်နှင့် သုံးနှစ်တာကာလအတွက် တရားရုံး၏ ဆောင်ရွက်ချက်များ တိုးတက်လာမှုအပေါ် အကဲဖြတ်တိုင်းတာနိုင်သည့် ရလဒ်တိုင်းတာမှုများကိုလည်း သတ်မှတ်ထား ရှိပြီး ဖြစ်ပါသည်။

အဆိုပါ ရည်မှန်းချက်များသည် စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု၏ ရည်မှန်းချက် ပြည့်မီမှုကို တိုင်းတာမည့် ဓမ္မဓိဋ္ဌာန်ကျသည့် သတင်းအချက်အလက်အခြေခံနည်းစနစ်တစ်ရပ် ဖြစ်ပါ သည်။ တရားရုံး၏ဆောင်ရွက်ချက်များကို အောက်ပါအချက်များဖြင့် အဓိကတိုင်းတာမည် ဖြစ်ပါ သည်-

- **ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း** – တရားရုံး၏ မှုခင်းပမာဏကို အမီလုပ်ဆောင် နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကို တိုင်းတာရန်၊
- **စစ်ဆေးဆဲအမှုများ၏သက်တမ်း** – အမှုဟောင်းများနှင့် ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ကြည့်ရှုရန်၊
- **အမှုချိန်းဆိုမှုသေချာခြင်း** – တရားရုံး၏ ချိန်းဆိုထားသည့်အတိုင်း ထိရောက်စွာ ဆောင်ရွက်နိုင်မှုကို တိုင်းတာရန်၊
- **တရားရုံးအသုံးပြုသူများ၏ကျေနပ်မှုစစ်တမ်း**– တရားရုံးများ၏အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု၊ တရားရုံးဝန်ဆောင်မှုများကို ပြည်သူများလက်လှမ်းမီမှုတို့အပေါ် အမှုသည်များနှင့် ပြည်သူများ၏ကျေနပ်မှုဖြင့် တိုင်းတာရန်။

## လျာထားသတ်မှတ်ချက် (၁) - *ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း*

ရှေ့ပြေးတရားရုံးများနှင့် တရားရုံးအားလုံးရှိ မှုခင်းပြီးပြတ်မှုနှုန်းများ တိုးတက်စေရန် ရည်ရွယ်၍ လျာထားချက်များ သတ်မှတ်ထားပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် မှုခင်း စီမံခန့်ခွဲမှုစံနမူနာအစီအစဉ်၏ အောင်မြင်မှုနှင့် ရှေ့ပြေးတရားရုံးများတွင် စမ်းသပ်ဆောင်ရွက်နေမှု အပေါ် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုများကို ရှေ့ပြေးတရားရုံးများအတွက် သတ်မှတ်ထား သည့် လျာထားချက်များဖြင့် တိုင်းတာမည်ဖြစ်၍ အဆိုပါလျာထားသတ်မှတ်ချက်များသည် အထူး အရေးကြီးပါသည်။

***တစ်နိုင်ငံလုံး ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း***

**လျာထားသတ်မှတ်ချက်** – ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ တိုးတက်စေရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှုပြီးပြတ်ရေး လျာထားချက်ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

⇒ ပြက္ခဒိန်နှစ်အလိုက် တရားမမှု ပြီးပြတ်မှုနှုန်း ၁၀၀%

⇒ ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု ပြီးပြတ်မှုနှုန်း ၁၀၀%

⇒ ပြက္ခဒိန်နှစ်အလိုက် စုစုပေါင်း အမှုပြီးပြတ်မှုနှုန်း ၁၀၀%

**ရလဒ်** - ဇယား ၁ အရ ၂၀၁၇ ခုနှစ်တွင် အမှုပြီးပြတ်နှုန်း တရားမမှု(၈၈%)၊ ရာဇဝတ်မှု (၉၇%) နှင့် စုစုပေါင်း (၉၆%) သည် သိသိသာသာ တိုးတက်လာမှု မရှိ၍ လျာထားချက်သို့ မရောက်ရှိကြောင်း တွေ့မြင်ရပါသည်။

ဇယား ၁ - ***တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း (၂၀၁၇)***

| Civil | | Criminal | | Total | |
|---|---|---|---|---|---|
| Target | 2017 | Target | 2017 | Target | 2017 |
| 100% | 88% | 100% | 97% | 100% | 96% |

***ရှေ့ပြေးတရားရုံးများ အမှုပြီးပြတ်နှုန်း***

**လျာထားသတ်မှတ်ချက်** –

⇒ တရားမမှုပြီးပြတ်မှုတိုးတက်မှုနှုန်း ၁၀၀%;

⇒ ရာဇဝတ်မှုများပြီးပြတ်မှုတိုးတက်မှုနှုန်း ၁၀၀ %;

**ရလဒ်** - ဇယား ၂ (က) အရ မူလရှေ့ပြေးတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ရာဇဝတ်မှု ပြီးပြတ်မှုတိုးတက်မှုနှုန်း ၉၈% နှင့် တရားမမှု ပြီးပြတ်မှုတိုးတက်မှုနှုန်း ၉၉% ဖြစ်၍ ရည်မှန်းချက်များနှင့် လျာထားချက်သို့ မရောက်ရှိကြောင်း တွေ့ရပါသည်။ ဇယား ၂ (ခ) အရ တိုးချဲ့ရှေ့ပြေးတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ရာဇဝတ်မှုပြီးပြတ်မှု တိုးတက်မှုနှုန်း ၁၀၁% နှင့် တရားမမှု ပြီးပြတ်မှုတိုးတက်မှုနှုန်း ၉၂% ဖြစ်၍ ရာဇဝတ်မှုပြီးပြတ်မှုတိုးတက်မှုနှုန်းမှာ ရည်မှန်းချက်များနှင့် လျာထားချက်သို့ ရောက်ရှိခဲ့သော်လည်း တရားမမှုပြီးပြတ်မှုတိုးတက်မှုနှုန်းမှာ ရည်မှန်းချက်များနှင့် လျာထားချက်သို့ မရောက်ရှိကြောင်း တွေ့ရပါသည်။

ဇယား ၂ (က) - မူလရှေ့ပြေးတရားရုံးများ အမှုပြီးပြတ်မှုနှုန်း

| Year | Hpa-An | | Taungoo | | Hlaing Thayar | | Overall | |
|---|---|---|---|---|---|---|---|---|
| | Criminal | Civil | Criminal | Civil | Criminal | Civil | Criminal | Civil |
| 2013 (Baseline) | 100% | 126% | 96% | 99% | 89% | 91% | 92% | 97% |
| 2014 | 96% | 82% | 100% | 74% | 95% | 123% | 95% | 102% |
| 2015 | 108% | 115% | 103% | 94% | 106% | 160% | 107% | 111% |
| Year One (Jul 2015 - Jun 2016) | 107% | 140% | 102% | 101% | 105% | 116% | 105% | 109% |
| Year Two (Jul 2016 - Jun 2017) | 94% | 92% | 85% | 94% | 102% | 113% | 98% | 99% |

ဇယား ၂ (ခ) - တိုးချဲ့ရှေ့ပြေးတရားရုံးများ အမှုပြီးပြတ်မှုနှုန်း

| Year | Chan Aye Tharzan | | Mawlamya-ing | | Monywa | | Pathein | | Magwe | | Overall | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | Criminal | Civil | Criminal | Civil | Criminal | Civil | Criminal | Civil | Criminal | Civil | Criminal | Civil |
| 2013 | 103% | 98% | 82% | 118% | 107% | 83% | 96% | 86% | 99% | 86% | 99% | 90% |
| 2014(Baseline) | 96% | 84% | 86% | 72% | 91% | 100% | 100% | 89% | 99% | 91% | 99% | 88% |
| 6 Month (Sep 2016- Feb 2017) | 105% | 133% | 90% | 94% | 80% | 65% | 100% | 96% | 101% | 90% | 100% | 87% |
| Year One (Sep 2016 - Aug 2017) | 98% | 111% | 97% | 99% | 88% | 81% | 101% | 89% | 101% | 96% | 101% | 92% |

## လျာထားသတ်မှတ်ချက် (၂) - *စစ်ဆေးဆဲအမှုများ၏သက်တမ်း*

စစ်ဆေးဆဲအမှုများ၏သက်တမ်းအတွက် လျာထားသတ်မှတ်ချက်သည် တစ်နှစ်နှင့် နှစ်နှစ်အထက်စစ်ဆေးဆဲမှုခင်းများ၏ ကြန့်ကြာမှုကို လျှော့ချရန် ရည်မှန်းပါသည်။ ရွှေ့ပြောင်းတရားရုံးများသည် ကြန့်ကြာမှုခင်းလျှော့ချသည့် သီးခြားလုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကြန့်ကြာမှုခင်းများကို လျှော့ချနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

**လျာထားသတ်မှတ်ချက်များ** - လျာထားသတ်မှတ်ချက်များသည် အချိန်သတ်မှတ်ချက် ကျော်လွန်နေသည့် စစ်ဆေးဆဲအမှုစုစုပေါင်း၏ရာခိုင်နှုန်းကို ရှေးဦးစွာလျှော့ချရန်ဖြစ်ပါသည်။ ဤတိုင်းတာမှုသည် တစ်နှစ်အထက်နှင့် နှစ်နှစ်အထက်ကြန့်ကြာသည့် ရာဇဝတ်မှုနှင့်တရားမမှုများ၏ စုစုပေါင်း အမှုအရေအတွက်ကို လျှော့ချရန် အဓိကမထားကြောင်း တွေ့ရပါသည်။

မူလရွှေ့ပြောင်းတရားရုံး၏ ကြန့်ကြာမှုခင်းလျှော့ချရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

⇒ နှစ်နှစ်အထက် ကြန့်ကြာမှုခင်းများကို ၂၀% လျှော့ချရန်

⇒ တစ်နှစ်အထက် ကြန့်ကြာမှုခင်းများကို ၂၀% လျှော့ချရန်

ရလဒ် - ဇယား ၃(က)အရ မူလရွှေ့ပြောင်းတရားရုံးများရှိ တစ်နှစ်အထက် ကြန့်ကြာသော ရာဇဝတ်မှုများကို ၄၁.၈%သို့လည်းကောင်း နှစ်နှစ်အထက် ကြန့်ကြာသောရာဇဝတ်မှုများမှာ ၁၁.၈% သို့လည်းကောင်း၊ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဇယား ၃ (ခ)အရ မူလရွှေ့ပြောင်းတရားရုံးများရှိ တစ်နှစ်အထက် ကြန့်ကြာသော တရားမမှုခင်းများမှာ ၁၆.၅% သို့ တိုးတက်လာခဲ့သော်လည်း၊ နှစ်နှစ်အထက် ကြန့်ကြာသော တရားမမှုခင်းများအား ၉% သို့ လျှော့ချနိုင်ခဲ့သည်။

ဇယား ၃ (က) *မူလရွှေ့ပြောင်းတရားရုံးများရှိ တစ်နှစ်နှင့်နှစ်နှစ်အထက် စစ်ဆေးဆဲ ရာဇဝတ်အမှုများ လျှော့ချနိုင်မှု*



ဇယား ၃ (ခ) *မူလရွှေ့ပြောင်းတရားရုံးများရှိ တစ်နှစ်နှင့်နှစ်နှစ်အထက် စစ်ဆေးဆဲတရားမအမှုများ လျော့ချနိုင်မှု*




တိုးချဲ့ရွှေ့ပြောင်းတရားရုံး၏ ကြန့်ကြာမှုခင်းလျော့ချရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

⇒ နှစ်နှစ်အထက် ကြန့်ကြာမှုခင်းများကို ၁၀% လျော့ချရန်

⇒ တစ်နှစ်အထက် ကြန့်ကြာမှုခင်းများကို ၁၀% လျော့ချရန်

ရလဒ် - ဇယား ၃ (ဂ)အရ တိုးချဲ့ရွှေ့ပြောင်းတရားရုံးများရှိ တစ်နှစ်အထက် ကြန့်ကြာသော ရာဇဝတ်မှုများမှာ ၁.၄% သို့ လျော့ချနိုင်ခဲ့သော်လည်း၊ နှစ်နှစ်အထက် ကြန့်ကြာသော ရာဇဝတ်မှုများမှာ ၄၈.၆% သို့ တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ဇယား ၃ (ဃ)အရ တိုးချဲ့ရွှေ့ပြောင်းတရားရုံးများရှိ တစ်နှစ်အထက် ကြန့်ကြာသော တရားမမှုခင်းများအား ၁၄.၆% သို့ လည်းကောင်း၊ နှစ်နှစ်အထက် ကြန့်ကြာသော တရားမမှုခင်းများမှာ ၅.၈% သို့လည်းကောင်း လျော့ချနိုင်ခဲ့သည်။

ဇယား ၃ (ဂ) *တိုးချဲ့ရွှေ့ပြောင်းတရားရုံးများရှိ တစ်နှစ်နှင့်နှစ်နှစ်အထက် စစ်ဆေးဆဲရာဇဝတ်အမှုများ လျော့ချနိုင်မှု*



ဇယား ၃ (ဃ) *တိုးချဲ့ရွှေ့ပြောင်းတရားရုံးများရှိ တစ်နှစ်နှင့်နှစ်နှစ်အထက် စစ်ဆေးဆဲ တရားမအမှုများ လျှော့ချနိုင်မှု*




### လျာထားသတ်မှတ်ချက် (၃) - ***အမှုရုံးချိန်းသေချာမှု***

အမှုချိန်းသေချာမှုသည် တရားရုံးတွင် အမှုစစ်ဆေးရန် ချိန်းဆိုသည့်နေ့များ၊ အမှုရွှေ့ဆိုင်းမှုနှုန်းများကို လျှော့ချပြီး၊ တရားရုံး၏လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရန် ရည်ရွယ်ပါသည်။ တရားရုံးများ၏ အမှုရွှေ့ဆိုင်းသည့်နှုန်း မြင့်မားခြင်းနှင့် အမှုကြားနာရန်ချိန်းဆိုမှု များပြားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် နှောင့်နှေးကြန့်ကြာမှုများကို လျော့နည်းစေရန် မှုခင်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းအသစ်ကို ကျင့်သုံးခဲ့ပါသည်။

**လျာထားသတ်မှတ်ချက်များ**

- ရာဇဝတ်မှုများတွင် အမှုကြားနာခြင်းကို (၉) ကြိမ်မှ (၆) ကြိမ်သို့လည်းကောင်း၊ တရားမမှုများတွင် အမှုကြားနာခြင်းကို (၁၃) ကြိမ်မှ (၈) ကြိမ်သို့လည်းကောင်း လျှော့ချရန်၊
- သတ်မှတ်ထားသည့်အချိန်အတွင်း အမှုများ ဆုံးဖြတ်နိုင်မှုနှင့်စပ်လျဉ်း၍ ရာဇဝတ်မှုများ၏ ၈၅% အား (၆)လအတွင်း၊ တရားမမှုများ၏ ၈၅% အား (၁)နှစ်အတွင်း ဆုံးဖြတ်နိုင်ရန်၊
- ရာဇဝတ်မှုများတွင် အမှုရွှေ့ဆိုင်းမှုကို ၂၀% သို့လည်းကောင်း၊ တရားမမှုများတွင် အမှုရွှေ့ဆိုင်းမှုကို ၁၀% သို့လည်းကောင်း လျှော့ချရန်

**ရလဒ်များ**

ဇယား ၄ (က)အရ မူလရှေ့ပြေးတရားရုံးများတွင် ရာဇဝတ်မှုနှင့် တရားမမှုများ၏ ပျမ်းမျှအမှုကြားနာသည့် အကြိမ်အရေအတွက် တိုးတက်ခဲ့ပါသည်။ ရာဇဝတ်မှုကြားနာရန် ချိန်းဆိုမှုမှာ (၄) ကြိမ်မှ (၇) ကြိမ်သို့ တိုးတက်ခဲ့ပြီး၊ တရားမမှု ကြားနာရန် ချိန်းဆိုမှုမှာ (၁၃) ကြိမ်မှ (၁၉) ကြိမ်သို့ တိုးတက်ခဲ့သည်။ ဇယား ၄ (ခ)အရ တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် ရာဇဝတ်မှုနှင့် တရားမမှုများ၏ ပျမ်းမျှအမှုကြားနာသည့် အကြိမ်အရေအတွက် ကျဆင်းခဲ့ပါသည်။ ရာဇဝတ်မှုကြားနာရန် ချိန်းဆိုမှုမှာ (၁၄) ကြိမ်မှ (၉) ကြိမ်သို့ ကျဆင်းခဲ့ပြီး၊ တရားမမှုကြားနာရန် ချိန်းဆိုမှုမှာ (၂၆) ကြိမ်မှ (၁၃) ကြိမ်သို့ ကျဆင်းခဲ့သည်။

ဇယား ၄ (ဂ)အရ မူလရှေ့ပြေးတရားရုံးများတွင် သတ်မှတ်ကာလအတွင်း ရာဇဝတ်မှုများ၏ ၇၆% အားလည်းကောင်း၊ တရားမမှုများ၏ ၅၅% အားလည်းကောင်း ဆုံးဖြတ်နိုင်ခဲ့သဖြင့် လျာထားချက် မပြည့်မီခဲ့ပါ။ ဇယား ၄ (ဃ)အရ တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် သတ်မှတ်ကာလအတွင်း ရာဇဝတ်မှုများ၏ ၈၁% အား လည်းကောင်း၊ တရားမမှုများ၏ ၆၈% အားလည်းကောင်း ဆုံးဖြတ်နိုင်ခဲ့သဖြင့် လျာထားချက် မပြည့်မီခဲ့ပါ။

ဇယား ၄ (င)အရ မူလရှေ့ပြေးတရားရုံးများတွင် ရာဇဝတ်မှုများ အမှုရွှေ့ဆိုင်းသည့်နှုန်းမှာ ၂၉.၆% မှ ၃၁.၄% သို့ မြင့်တက်ခဲ့သော်လည်း တရားမမှုများတွင် ၄၈.၂% မှ ၁၆.၄% သို့ ကျဆင်းခဲ့ပါသည်။ တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် ရာဇဝတ်မှုများ အမှုရွှေ့ဆိုင်းသည့်နှုန်းမှာ ၃၈.၉% မှ ၃၀% သို့ ကျဆင်းခဲ့ပြီး၊ တရားမမှုများတွင်လည်း ၃၉.၄% မှ ၃၄.၁% သို့ ကျဆင်းခဲ့ပါသည်။

ဇယား ၄ (က) - ***အမှုရုံးချိန်းသေချာမှု–အမှုတစ်မှုချင်းအလိုက် ကြားနာရန်ချိန်းဆိုသည့် ပျမ်းမျှအရေအတွက်*** (ကနဦးရှေ့ပြေးတရားရုံးများ)

| *Average Number of Hearings Scheduled Per Case* | *2014 Baseline* | *Initial pilot courts Year One Results* | *Initial pilot courts Year Two Results* |
|---|---|---|---|
| *Civil cases* | 16 | 13 | 19 |
| *Criminal cases* | 10 | 4 | 7 |

**2017 Target: Civil case (8 hearings/case)**

**2017 Target: Criminal (6 hearings/case)**

ဇယား ၄ (ခ) - ***အမှုရုံးချိန်းသေချာမှု–အမှုတစ်မှုချင်းအလိုက် ကြားနာရန်ချိန်းဆိုသည့် ပျမ်းမျှအရေအတွက်*** (တိုးချဲ့ရှေ့ပြေးတရားရုံးများ)

| *Average Number of Hearings Scheduled Per Case* | *Baseline* | *Expansion pilot courts Year One Results* |
|---|---|---|
| *Civil cases* | 26 | 13 |
| *Criminal cases* | 14 | 9 |

**2017 Target: Civil case (8 hearings/case)**

**2017 Target: Criminal (6 hearings/case)**

ဇယား ၄ (ဂ)   *သတ်မှတ်ထားသည့်အချိန်အတွင်း အမှုများဆုံးဖြတ်နိုင်မှု (မူလရှေ့ပြေးတရားရုံးများ)*




Standard = 85% of Criminal Cases disposed within 6 Months
= 85% of Civil Cases disposed within 1 year

ဇယား ၄ (ဃ)   *သတ်မှတ်ထားသည့်အချိန်အတွင်း အမှုများ ဆုံးဖြတ်နိုင်မှု (တိုးချဲ့ရှေ့ပြေးတရားရုံးများ)*




Standard = 85% of Criminal Cases disposed within 6 Months
= 85% of Civil Cases disposed within 1 year

ဇယား ၄(င)   *အမှုရွှေ့ဆိုင်းမှုနှုန်း*

| Data Source | Type of Case | Baseline | Postponement Rate (Overall) | | |
|---|---|---|---|---|---|
| | | | 2015 | 2016 | 2017 |
| Initial Pilot Court (Overall) | Criminal Case | 61.6 % | 40.1 % | 29.6 % | 31.4 % |
| | Civil Case | 43.6 % | 38.8 % | 48.2 % | 16.4 % |
| Expansion Pilot Court (Overall) | Criminal Case | 38.9 % | - | - | 30.0 % |
| | Civil Case | 39.4 % | - | - | 34.1 % |

**လျာထားသတ်မှတ်ချက် (၄) - *တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု***

ရှေ့ပြေးတရားရုံးများတွင် မှုခင်းများ အချိန်နှင့်တစ်ပြေးညီ စီရင်ဆုံးဖြတ်မှုနှင့် ပြည်သူများနှင့် အမှုသည်များ၏ရရှိသော တရားရုံးဝန်ဆောင်မှုအပေါ် ကျေနပ်မှုများကို တိုင်းတာရန် တရားရုံးအသုံးပြုသူများ၏ကျေနပ်မှုစစ်တမ်းကို ကောက်ယူခဲ့ပါသည်။

**လျာထားသတ်မှတ်ချက်**

မူလရှေ့ပြေးတရားရုံးများ ဆောင်ရွက်ခြင်းမပြုမီ တရားရုံးအသုံးပြုသူများ၏ကျေနပ်မှု ကနဦးစစ်တမ်းကို ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး၊ နောက်ဆက်တွဲစစ်တမ်းကို ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ကောက်ယူခဲ့ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်မှု ရည်မှန်းချက်အဖြစ် ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်းဖြစ်သော ၆၁.၅၅ % အား ၂၀၁၅ ခုနှစ်တွင် ၆၄% သို့လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ၇၂% သို့လည်းကောင်း ၊ ၂၀၁၇ ခုနှစ်တွင် ၈၀% သို့လည်းကောင်း တိုးမြှင့်ရန် အသီးသီးသတ်မှတ်ထားပါသည်။

**ရလဒ်များ**

ဇယား ၅ အရ မူလရှေ့ပြေးတရားရုံးများတွင် ဆောင်ရွက်မှုအားလုံးအပေါ် ၂၀၁၇ ခုနှစ် အသုံးပြုသူများ၏ ကျေနပ်မှုနှုန်း ၆၈% သည် ၂၀၁၄ ခုနှစ် ကနဦးစစ်တမ်းကျေနပ်မှုနှုန်းမှ တိုးတက်လာခဲ့သော်လည်း၊ တိုးမြှင့်ရန် လျာထားသတ်မှတ်ထားသည့် ၈၀% သို့ ရောက်ရှိခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။ တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် ဆောင်ရွက်မှုအားလုံးအပေါ် ၂၀၁၇ ခုနှစ် အသုံးပြုသူများ၏ကျေနပ်မှုနှုန်း ၇၇% သည် ကနဦးစစ်တမ်းကျေနပ်မှုနှုန်းမှ တိုးတက်လာခဲ့သော်လည်း၊ တိုးမြှင့်ရန် လျာထားသတ်မှတ်ထားသည့် ၈၀% သို့ ရောက်ရှိခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။

| Q 10 | Initial Pilot Courts | | | Expanded Pilot Courts | | |
|---|---|---|---|---|---|---|
| | baseline | Year 1 | Year 2 | baseline | 6 Months | Year 1 |
| Getting to court house was easy | 79% | 86% | 80% | 76% | 81% | 84% |
| Finding easy where I need to go | 79% | 87% | 82% | 80% | 84% | 90% |
| Safe in the court house | 71% | 72% | 80% | 64% | 77% | 80% |
| Easy getting information | 53% | 58% | 66% | 49% | 63% | 72% |
| Treated with courtesy & respect | 62% | 64% | 76% | 66% | 75% | 79% |
| Judge was courteous, respectful l & fair | 54% | 58% | 52% | 64% | 65% | 76% |
| Understand court instruction | 58% | 64% | 58% | 65% | 65% | 71% |
| Handle promptly & efficiently | 45% | 46% | 58% | 45% | 57% | 66% |
| Treated equally | 62% | 69% | 75% | 68% | 75% | 78% |
| Court performed effectively | 52% | 56% | 60% | 52% | 63% | 72% |
| Overall Access to Justice Score | increased to 68% from 61.5% | | | increased to 77% from 63% | | |

ဇယား ၅ - *တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်း*

မဟာဗျူဟာစီမံကိန်းတတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၁၇)အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့်ရလဒ်များကို **နောက်ဆက်တွဲ(ဈ)** ဇယားဖြင့် ဖော်ပြထားပါသည်။




*တရားရုံးအသုံးပြုသူများ၏ကျေနပ်မှုစစ်တမ်းကောက်ယူခြင်း*

## သုံးနှစ်တာမဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)၏ရလဒ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် **'တရားမျှတရေးအတူတကွမြှင့်တင်ပေး'** (Advancing Justice Together) ဆိုသည့် ဆောင်ပုဒ်နှင့်အတူ မြန်မာနိုင်ငံတရားစီရင်ရေး၏ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇) ကို ချမှတ်ကာ လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဆောင်ရွက်ခဲ့သည်။တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇) သည် မြန်မာ့တရားစီရင်ရေးကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်နှင့် တရားရုံးများခေတ်မီရေး ဆောင်ရွက်ရန်အတွက် တစ်နိုင်ငံလုံးဆိုင်ရာ မဟာဗျူဟာတစ်ရပ်အဖြစ် ရေးဆွဲခဲ့သော ပထမဆုံးမဟာဗျူဟာစီမံကိန်းဖြစ်သည်။

တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာမဟာဗျူဟာစီမံကိန်း
(၂၀၁၅-၂၀၁၇) နှင့် ပထမနှစ်လုပ်ငန်းအစီအစဉ်
*၁၇-၁၂-၂၀၁၄ ရက်နေ့တွင်ထုတ်ပြန်သည်။*




မဟာဗျူဟာစီမံကိန်း ဒုတိယနှစ်လုပ်ငန်း အစီအစဉ်
*စ-၁-၂၀၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။*




မဟာဗျူဟာစီမံကိန်းတတိယနှစ်လုပ်ငန်းအစီအစဉ်
*၁၂-၁-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။*




အဆိုပါ သုံးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် တရားစီရင်ရေးဆိုင်ရာ ရည်မှန်းချက်များကို မြှင့်တင်ရန် မဟာဗျူဟာဖော်ဆောင်မည့်နယ်ပယ်များကို အောက်ပါအတိုင်း သတ်မှတ်ခဲ့သည်-

(၁) အများပြည်သူ၏ တရားမျှတမှုလက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်

(၂) လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်

(၃) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်

(၄) တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ် ထိန်းသိမ်းရန်

(၅) အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်

မဟာဗျူဟာစီမံကိန်း၏ အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်တွင် ထိပ်တန်းအဆင့်ဦးစားပေး၊ အထူးအရေးကြီးနှင့် အလယ်အလတ်ဦးစားပေးဟူ၍ ဦးစားပေးအဆင့် (၃)ဆင့် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦး ဦးဆောင်သည့် မဟာဗျူဟာလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီက ကြီးကြပ်ဆောင်ရွက်သည်။ အဆိုပါကော်မတီသည် စီမံကိန်းတိုးတက်မှုပုံမှန်အစီရင်ခံစာများ တင်ပြခြင်းနှင့် နှစ်စဉ်ဆောင်ရွက်မည့် တစ်နှစ်တာလုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း၊ နှစ်အလိုက်ရေးဆွဲထားသည့် လုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ပြန်လည်သုံးသပ်ခြင်း စသည်တို့ကို ဆောင်ရွက်ပါသည်။

### *တရားရုံး၏ ဆောင်ရွက်မှုတိုးတက်စေရန် ရည်မှန်းချက်များနှင့် လျာထားသတ်မှတ်ချက်များ*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၅-၂၀၁၇ ခုနှစ် သုံးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် တရားရုံး၏ ဆောင်ရွက်မှုတိုးတက်စေရန် ရည်မှန်းချက်များနှင့် လျာထားချက်များ သတ်မှတ်ထားပါသည်။ အဆိုပါသတ်မှတ်ချက်များတွင် အမှုပြီးပြတ်မှုရာခိုင်နှုန်း ၁၀၀% သို့ ရောက်ရှိရန်နှင့် တရားရုံးအသုံးပြုသူများ၏ကျေနပ်မှု ၈၀% အထိရရှိရန် ရည်မှန်းချက်များ ပါဝင်ပါသည်။ တရားရုံး၏ ဆောင်ရွက်ချက်အပေါ် ကိန်းဂဏန်းများ ဆန်းစစ်လေ့လာခြင်းနှင့် တရားရုံးအသုံးပြုသူများ၏ သဘောထားမှတ်ချက်များ စစ်တမ်းကောက်ယူခြင်းဖြင့် ရလဒ်များကို တိုင်းတာပါသည်။

### *မဟာဗျူဟာစီမံကိန်းသုံးနှစ်တာလုပ်ငန်းအစီအစဉ်၏ ထင်ရှားသည့်အောင်မြင်မှုများ*

မဟာဗျူဟာစီမံကိန်းကာလအတွင်း အထူးအရေးကြီးနှင့် ထိပ်တန်းဦးစားပေး မဟာဗျူဟာအစီအစဉ်များကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မဟာဗျူဟာစီမံကိန်းသုံးနှစ်တာလုပ်ငန်းအစီအစဉ်၏ထင်ရှားသည့်အောင်မြင်မှုများမှာ -

* ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် (၁၄) ရုံး၊ ခရိုင်တရားရုံး (၆၁) ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၁) ရုံး၊ မြို့နယ်တရားရုံး (၂၆၁) ရုံးတို့တွင် အများပြည်သူကိုယ်တိုင် သတင်းအချက်အလက်ရယူနိုင်ရန်အတွက် ကောင်တာများထားရှိခြင်းဖြင့် တရားရုံးသတင်းအချက်အလက်များ အလွယ်တကူရရှိအောင် ဆောင်ရွက်ခြင်း၊
* ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် (၁၄)ရုံး၊ ခရိုင်တရားရုံး (၆၇) ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းတရားရုံး (၂) ရုံး၊ မြို့နယ်တရားရုံး (၂၉၈) ရုံးတို့တွင် အများပြည်သူဆိုင်ရာ အမှုလက်ခံဌာနများထားရှိခြင်းဖြင့် တရားရုံးဝန်ဆောင်မှုလက်လှမ်းမီရေး တိုးတက်အောင် ဆောင်ရွက်ခြင်း၊
* အရည်အသွေးမြင့် တရားရုံးဝန်ဆောင်မှုများနှင့် ဆက်ဆံပြောဆိုရေး ကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ရန် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် တရားရုံးအသုံးပြုသူများအပေါ် ဝန်ဆောင်မှုနှင့် ဆက်ဆံပြောဆိုမှုစွမ်းရည်များ တိုးတက်လာခြင်း၊
* ရွေ့ပြောင်းတရားရုံးအစီအစဉ်ကို ကနဦးရွေ့ပြောင်းတရားရုံးများအဖြစ် လှိုင်သာယာမြို့နယ်တရားရုံး၊ ဘားအံမြို့နယ်တရားရုံးနှင့် တောင်ငူခရိုင်တရားရုံးတို့တွင် ၂၀၁၅ ခုနှစ်၊ ဇွန်လတွင်လည်းကောင်း၊ တိုးချဲ့ရွေ့ပြောင်းတရားရုံးများအဖြစ် ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံး၊ မကွေးမြို့နယ်တရားရုံး၊ မော်လမြိုင်ခရိုင်တရားရုံးနှင့် မုံရွာခရိုင်တရားရုံးတို့တွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင်လည်းကောင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း၊

* ရှေ့ပြေးတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်သစ်တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ရှေ့ပြေးတရားရုံးများတွင် အလိုအလျောက်စက်များဖြင့် အခြေခံ လုပ်ဆောင်ခြင်းဖြင့် အမှုများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်မှု တိုးတက်စေရန်နှင့် အမှုမစစ်ဆေးမီလုပ်ထုံးလုပ်နည်းများ ခေတ်မီစေရန် ဆောင်ရွက်ခြင်း၊

* ရှေ့ပြေးတရားရုံးများတွင် အမှုပြီးပြတ်မှုနှုန်း တိုးတက်လာခြင်း၊ ကြန့်ကြာမှုခင်းများ လျော့ချနိုင်ခြင်း၊ အမှုပြီးပြတ်ရန် ကြာမြင့်သည့်ကာလ လျော့ချနိုင်ခြင်း တရားရုံးဝန်ဆောင်မှုအပေါ် ပြည်သူတို့၏ကျေနပ်မှု တိုးတက်လာခြင်း၊

* ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် နည်းပညာအသုံးပြုသည့် မှုခင်းသတင်းအချက်အလက်စနစ် တိုးတက်ဆောင်ရွက်ခြင်းဖြင့် ထိရောက်မှုရှိသည့်လုပ်ငန်းစနစ်ကို အသုံးပြုခြင်း၊

* ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာချွန်တော်ဌာနနှင့် သတင်းအချက်အလက်နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေးဌာနစသည့် ဌာနအသစ်များ ဖွဲ့စည်းနိုင်ခြင်းဖြင့် စာချွန်တော်မှုခင်းများအား သီးခြားဆောင်ရွက်နိုင်ခြင်း၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍ မြှင့်တင်နိုင်ခြင်း၊

* တရားရုံးအဆင့်ဆင့်တွင် တရားရုံးသတင်းပြန်ကြားရေးအရာရှိများ သတ်မှတ်ပေးကာ တရားရုံးနှင့် တရားရုံးသတင်းအချက်အလက်များကို အလွယ်တကူရယူနိုင်ရေးအတွက် ပြည်သူနှင့်လည်းကောင်း၊ မီဒီယာနှင့်လည်းကောင်း ဆက်ဆံမှုမြှင့်တင်ခြင်း၊

* တရားရုံးသတင်းမီဒီယာလက်စွဲစာအုပ် ထုတ်ဝေနိုင်ခြင်းအားဖြင့် မီဒီယာများအနေဖြင့် တရားရုံးများတွင် သတင်းရယူရာ၌ နည်းလမ်းတကျရယူနိုင်ခြင်း၊

* အများပြည်သူသို့ တရားရုံးသတင်းအချက်အလက်များကို Website ၊ Facebook နှင့် လက်ကမ်းစာစောင်များမှတစ်ဆင့် ရယူခွင့်နှင့် အများပြည်သူအသိအမြင် တိုးတက်အောင် ဆောင်ရွက်ခြင်း၊

* လေ့ကျင့်ဌာန သီးခြားထား၍ သင်တန်းစွမ်းဆောင်ရည်နှင့် တရားရေးသင်တန်းကျောင်း၏ အဖွဲ့အစည်းတိုးတက်မှုမြင့်မားအောင် ဆောင်ရွက်ခြင်း၊

* တရားရုံးဘတ်ဂျက်အသုံးပြုရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တစ်စုတစ်စည်းသော တရားရုံးဘတ်ဂျက်ကို စီမံကြီးကြပ်သည့် စွမ်းဆောင်ရည်မြင့်မားအောင် ဆောင်ရွက်ခြင်း၊

* ခရိုင်တရားရုံး (၇၀)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၂)ရုံး နှင့် မြို့နယ်တရားရုံး (၁၁၉) ရုံးတို့တွင် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်းဖြင့် တရားရုံးလုပ်ငန်းစီမံခန့်ခွဲမှုစွမ်းရည် မြင့်မားစေခြင်း၊

* ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် (၁၄) ရုံးတို့အကြားတွင် Video Conferencing System တည်ထောင်နိုင်ခြင်းအားဖြင့် ဆက်သွယ်မှု ပိုမိုထိရောက်လွယ်ကူလာခြင်း၊
* ASEAN Judiciaries Portal နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအားဖြင့် အများပြည်သူ သတင်းအချက်အလက်ဆိုင်ရာအစီအစဉ်များကို နိုင်ငံတော်အဆင့်လုပ်ဆောင်ခြင်း၊
* ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ထုတ်ပြန်ခြင်းအားဖြင့် တရားစီရင်ရေး လုပ်ငန်းစဉ်များပွင့်လင်းမြင်သာ၍တာဝန်ခံနိုင်မှုရှိစေခြင်း၊ တရားရုံး၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်ခြင်းနှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေခြင်း၊
* ၂၀၁၅-၂၀၁၇ ခုနှစ် သုံးနှစ်တာမဟာဗျူဟာစီမံကိန်းပြီးနောက် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို ဆက်လက်ချမှတ်နိုင်ခြင်းဖြင့် တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
* မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်စာအုပ် ထုတ်ပြန်ခြင်းဖြင့် တရားသူကြီးများ၏ကျင့်ဝတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားစေရန် ဆောင်ရွက်ခြင်း၊

မဟာဗျူဟာစီမံကိန်းအတွက် ၂၀၁၃ ခုနှစ်တွင် တရားရုံးများ၏အမှုစွဲဆိုမှုနှင့် ပြီးပြတ်မှုအမှုစာရင်းများအရ အခြေခံမျဉ်းအချက်အလက်များ သတ်မှတ်ခဲ့ပြီး၊ နှစ်အလိုက် တိုးတက်ဆောင်ရွက်ရန် ရည်မှန်းလျာထားချက်များ သတ်မှတ်ထားသည်။ ရလဒ်တိုင်းတာမှုကို စီမံကိန်းကာလအလိုက် တစ်နိုင်ငံလုံးရှိတရားရုံးများ၏ဆောင်ရွက်ချက်ကို အမှုစာရင်းများ ကောက်ယူခြင်း၊ ဆန်းစစ်လေ့လာခြင်းဖြင့်လည်းကောင်း၊ ရှေ့ပြေးတရားရုံးများ၏ဆောင်ရွက်ချက်ကို အလိုအလျောက်စက်များဖြင့် အချက်အလက်ထည့်သွင်းခြင်း၊ အမှုများ၏သက်တမ်းကို ဆန်းစစ်လေ့လာခြင်း၊ တရားရုံးအသုံးပြုသူများ၏ကျေနပ်မှုစစ်တမ်းကောက်ယူခြင်းဖြင့်လည်းကောင်း ရလဒ်ကို တိုင်းတာဆောင်ရွက်ခဲ့သည်။

ပြက္ခဒိန်နှစ်အလိုက် မှုခင်းပြီးပြတ်နှုန်းတွင် မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့သော ရှေ့ပြေးတရားရုံးများ၏ရလဒ်သည် ပုံမှန်စစ်ဆေးစီရင်သည့် တရားရုံးများ၏ရလဒ်ထက် ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရသည်။ ရည်မှန်းချက်ကို အပြည့်အဝမရောက်ရှိခဲ့သော်လည်း ရလဒ်များတိုးတက်ခဲ့ပြီး အခြေခံမျဉ်းထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ဇယား-၁ ၌ တစ်နိုင်ငံလုံးရှိ တရားရုံးများ၊ ကနဦးရှေ့ပြေးတရားရုံးများ၊ တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် ပြက္ခဒိန်နှစ်အလိုက် မှုခင်းပြီးပြတ်နှုန်းကို နှိုင်းယှဉ်ဖော်ပြထားပါသည်။

ပြည်သူများနှင့် အမှုသည်များရရှိသော တရားရုံးဝန်ဆောင်မှုများအပေါ် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်းကို ရှေ့ပြေးတရားရုံးများတွင် ကောက်ယူခဲ့ရာ ရည်မှန်းချက်ကို အပြည့်အဝမရောက်ရှိခဲ့သော်လည်း ရလဒ်များတိုးတက်ခဲ့ပြီး အခြေခံမျဉ်းထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်

ခဲ့ကြောင်း တွေ့ရသည်။ တရားရုံးအတွင်း လုံခြုံစိတ်ချရမှု၊ သတင်းအချက်အလက်များ လွယ်ကူစွာ ရယူနိုင်မှု၊ ယဉ်ကျေးလိုက်လျောစွာ ဆက်ဆံပြောဆိုမှု၊ အမှုများကို ကောင်းစွာကိုင်တွယ်ဆောင်ရွက်နိုင်မှု၊ တန်းတူညီမျှဆက်ဆံပြုမူမှုနှင့် တရားရုံးမှ ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်မှု စသည်တို့တွင် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုမှာ နှစ်အလိုက် တိုးတက်ခဲ့သည်ကို တွေ့ရသည်။ ဇယား-၂ ၌ ကနဦးရှေ့ပြေးတရားရုံးများ၊ တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု စစ်တမ်းကို နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဇယား(၁) *ပြက္ခဒိန်နှစ်အလိုက် မှုခင်းပြီးပြတ်နှုန်း*

| Data Source | Type of Case | Baseline 2014 | 2015 | | 2016 | | 2017 | |
|---|---|---|---|---|---|---|---|---|
| | | | Target | Result | Target | Result | Target | Result |
| Nation-wide | Criminal | 98.5 % | 99 % | 99.7 % | 99.5 % | 98.8 % | 100 % | 97 % |
| | Civil | 91 % | 93 % | 90.5 % | 97 % | 94.4 % | 100 % | 88 % |
| | Total | 97 % | 98 % | 99.1 % | 99 % | 98.5 % | 100 % | 96 % |
| | | | | | | | | |
| Initial Pilot Courts | Criminal | 92 % | 93 % | 119 % | 97 % | 105 % | 100 % | 98 % |
| | Civil | 97 % | 97 % | 125 % | 99 % | 109 % | 100 % | 99 % |
| | | | | | | | | |
| Expanded Pilot Courts | Criminal | 99 % | - | - | 100 % | 100 % | 100 % | 101 % |
| | Civil | 98 % | - | - | 100 % | 87 % | 100 % | 92 % |

ဇယား(၂) *တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုစစ်တမ်း*

| Q 10 | Initial Pilot Courts | | | Expanded Pilot Courts | | |
|---|---|---|---|---|---|---|
| | baseline | Year 1 | Year 2 | baseline | 6 Months | Year 1 |
| Getting to court house was easy | 79% | 86% | 80% | 76% | 81% | 84% |
| Finding easy where I need to go | 79% | 87% | 82% | 80% | 84% | 90% |
| Safe in the court house | 71% | 72% | 80% | 64% | 77% | 80% |
| Easy getting information | 53% | 58% | 66% | 49% | 63% | 72% |
| Treated with courtesy & respect | 62% | 64% | 76% | 66% | 75% | 79% |
| Judge was courteous, respectful l & fair | 54% | 58% | 52% | 64% | 65% | 76% |
| Understand court instruction | 58% | 64% | 58% | 65% | 65% | 71% |
| Handle promptly & efficiently | 45% | 46% | 58% | 45% | 57% | 66% |
| Treated equally | 62% | 69% | 75% | 68% | 75% | 78% |
| Court performed effectively | 52% | 56% | 60% | 52% | 63% | 72% |
| Overall Access to Justice Score | increased to 68% from 61.5% | | | increased to 77% from 63% | | |

## ရှေ့လုပ်ငန်းစဉ်များ

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းများကို ချမှတ်ခြင်းသည် တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အဖြစ် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ တရားရုံးများရှိ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းတာဝန်များ၊ စီမံခန့်ခွဲရေးလုပ်ငန်းများသည် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)အောက်တွင် ထူးခြားသည့် အပြောင်းအလဲများဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာမဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)၏ အတွေ့အကြုံနှင့်အောင်မြင်မှုများအပေါ် အခြေပြုပြီးနောက် ပြည်သူလူထု၏ဖြစ်ပေါ်လျက်ရှိသည့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ဆိုသော ဆောင်ပုဒ်နှင့်အညီ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအသစ် (၂၀၁၈-၂၀၂၂) ကို ရေးဆွဲနိုင်ခဲ့သဖြင့် မြန်မာ့တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် တစ်နိုင်ငံလုံးရှိ တရားရုံးအဆင့်ဆင့်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းမြှင့်တင်ရန်နှင့် စစ်ဆေးဆဲ၊ စစ်ဆေးပြီးအမှုများ၏သက်တမ်းနှင့် အမှုရွှေ့ဆိုင်းနှုန်းတို့ လျော့ချရန်အတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို နိုင်ငံတစ်ဝှမ်းရှိ တရားရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မှုခင်းစစ်ဆေးစီရင်မှုအတွက် အချိန်ကာလသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် တရားရုံးဝန်ဆောင်မှုလုပ်ငန်းများအပေါ် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုမြှင့်တင်နိုင်ရန်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

# နောက်ဆက်တွဲများ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တည်နေရာ

ရုံးအမှတ်(၅၄)၊ ပြည်ကြီးမဏ္ဍိုင်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

**ဆက်သွယ်ရန်**

ရုံးအဖွဲ့မှူး
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

**စီမံရေးရာကိစ္စဆက်သွယ်ရန်**

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

**တရားစီရင်ရေးကိစ္စဆက်သွယ်ရန်**

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## နောက်ဆက်တွဲ (က) အဆက်

### *တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ တည်နေရာများ*

| | | |
|---|---|---|
| ၁။ | ကချင်ပြည်နယ်တရားလွှတ်တော် | ဇရာရပ်ကွက်၊ မြစ်ကြီးနားမြို့ |
| ၂။ | ကယားပြည်နယ်တရားလွှတ်တော် | မင်းစုရပ်ကွက်၊ သမိန်ထောလမ်းနှင့် လွိုင်ကော်-ရှားတောလမ်းထောင့်၊ လွိုင်ကော်မြို့ |
| ၃။ | ကရင်ပြည်နယ်တရားလွှတ်တော် | အမှတ်- ၄ ရပ်ကွက်၊ ခရေလမ်းနှင့် သုခနေလမ်းထောင့်၊ ဘားအံမြို့ |
| ၄။ | ချင်းပြည်နယ်တရားလွှတ်တော် | ဈေးသစ်ရပ်ကွက်၊ဟားခါးခရိုင်၊ ဟားခါးမြို့ |
| ၅။ | မွန်ပြည်နယ်တရားလွှတ်တော် | ရုံးကြီးလမ်း၊ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့ |
| ၆။ | ရခိုင်ပြည်နယ်တရားလွှတ်တော် | လမ်းမကြီးနှင့်မေယုလမ်းထောင့်၊ ဘောလုံးကွင်းရပ်၊ စစ်တွေမြို့ |
| ၇။ | ရှမ်းပြည်နယ်တရားလွှတ်တော် | ဆေးရုံလမ်းနှင့်သပြေလမ်းထောင့်၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် | နန္ဒဝန်ရပ်ကွက်၊ တမာပင်ကွင်း၊ မုံရွာမြို့ |
| ၉။ | မကွေးတိုင်းဒေသကြီး တရားလွှတ်တော် | ဆားရွှေကင်းရပ်၊ မကွေးမြို့ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် | လမ်း ၃၀၊ ၆၈x ၇၀ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |
| ၁၁။ | ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် | ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် | ရေးလမ်း၊ ဆန်းချီရပ်၊ ထားဝယ်မြို့ |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် | အမှတ်-၁၀၁၊ ၁၀၃ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် | မင်းကြီးအကွက်၊ အမှတ်- ၄ ရပ်ကွက်၊ ပုသိမ်မြို့ |

| စဉ် | ခရိုင်တရားရုံးများ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ | | ဆက်သွယ်ရန်လိပ်စာ |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၁။မြစ်ကြီးနားခရိုင်တရားရုံး | ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့ |
| | | ၂။မိုးညှင်းခရိုင်တရားရုံး | အရှေ့စုရပ်ကွက်၊ မိုးညှင်းမြို့ |
| | | ၃။ဗန်းမော်ခရိုင်တရားရုံး | သာစည်ရပ်ကွက်၊ ဗန်းမော်မြို့ |
| | | ၄။ပူတာအိုခရိုင်တရားရုံး | မြို့မရပ်ကွက်၊ ပူတာအိုမြို့ |
| ၂။ | ကယားပြည်နယ် | ၅။လွိုင်ကော်ခရိုင်တရားရုံး | ဖဖော်လမ်းနှင့် ၅ လမ်းထောင့်၊ ဒေါ်ဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |
| | | ၆။ဘောလခဲခရိုင်တရားရုံး | လွိုင်ကော်-မော်ချီးကားလမ်းဘေး၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့ |
| ၃။ | ကရင်ပြည်နယ် | ၇။ဘားအံခရိုင်တရားရုံး | အမှတ်(၄)ရပ်ကွက်၊ခရေလမ်းနှင့် သုခနုလမ်းဒေါင့်၊ဘားအံမြို့ |
| | | ၈။ကော့ကရိတ်ခရိုင် တရားရုံး | အမှတ်(၇)ရပ်ကွက်၊ ဗောဓိကျောင်းလမ်း၊ကော့ကရိတ်မြို့ |
| | | ၉။မြဝတီခရိုင်တရားရုံး | အမှတ်(၅)ရပ်ကွက်၊မြို့ပတ်လမ်း၊ မြဝတီမြို့ |
| | | ၁၀။ဖာပွန်ခရိုင်တရားရုံး | အမှတ်(၂)ရပ်ကွက်၊ ရုံးကုန်းလမ်း၊ ဖာပွန်မြို့ |
| ၄။ | ချင်းပြည်နယ် | ၁၁။ဟားခါးခရိုင်တရားရုံး | ဈေးဟောင်းရပ်ကွက်၊ဟားခါးမြို့ |
| | | ၁၂။ဖလမ်းခရိုင်တရားရုံး | ဗလိုင်ရပ်ကွက်၊ဖလမ်းမြို့ |
| | | ၁၃။မင်းတပ်ခရိုင်တရားရုံး | စံပြရပ်ကွက်၊ မင်းတပ်မြို့ |
| | | | မြို့မရပ်ကွက်၊ပလက်ဝမြို့ (ပလက်ဝရုံးထိုင်) |

## နောက်ဆက်တွဲ(က) အဆက်

| | | | |
|---|---|---|---|
| ၅။ | မွန်ပြည်နယ် | ၁၄။မော်လမြိုင်ခရိုင်တရားရုံး | ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့ |
| | | ၁၅။သထုံခရိုင်တရားရုံး | ရုံးကြီးလမ်း၊ နန်းခဲရပ်၊ သထုံမြို့ |
| ၆။ | ရခိုင်ပြည်နယ် | ၁၆။စစ်တွေခရိုင်တရားရုံး | လမ်းမကြီး၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့၊ |
| | | ၁၇။ကျောက်ဖြူခရိုင်တရားရုံး | ဗိုလ်ငမောက်လမ်း၊ အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့ |
| | | ၁၈။သံတွဲခရိုင်တရားရုံး | ဗိုလ်ချုပ်လမ်း(လမ်းသွယ်)၊ အမှတ် (၂) ရပ်ကွက်၊ သံတွဲမြို့ |
| | | ၁၉။မောင်တောခရိုင်တရားရုံး | ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့မအနောက် ရပ်ကွက်၊ မောင်တောမြို့ |
| | | ၂၀။မြောက်ဦးခရိုင် တရားရုံး | ရုံးကြီးလမ်း၊ ထမ္မရာဇ်ရပ်ကွက်၊ မြောက်ဦးမြို့ |
| ၇။ | ရှမ်းပြည်နယ် | ၂၁။ တောင်ကြီးခရိုင်တရားရုံး | သပြေလမ်းနှင့်ရုံးကြီးလမ်းဒေါင့်၊ ပြည်နယ်တရားလွှတ်တော်ဝင်းအတွင်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ |
| | | ၂၂။ လွိုင်လင်ခရိုင်တရားရုံး | ရပ်ကွက်(၁)၊ ရုံးကြီးလမ်း၊လွိုင်လင်မြို့ |
| | | ၂၃။ လင်းခေးခရိုင်တရားရုံး | လင်းခေး- ဝမ်းဟတ်လမ်း၊ ပုဉ်းထွန်း ကျေးရွာအုပ်စု၊လင်းခေးမြို့ |
| | | ၂၄။ လားရှိုးခရိုင်တရားရုံး | ရပ်ကွက်(၁)၊ဘူတာလမ်း၊ လားရှိုးမြို့ |
| | | ၂၅။ ကျောက်မဲခရိုင်တရားရုံး | ရပ်ကွက်(၁)၊ပင်ပေါလေးရပ်၊ ကျောက်မဲမြို့ |
| | | ၂၆။ မိုးမိတ်ခရိုင်တရားရုံး | ဟော်နန်းရပ်ကွက်၊ မိုးမိတ်မြို့ |
| | | ၂၇။ မူဆယ်ခရိုင်တရားရုံး | ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့ |
| | | ၂၈။ မိုင်းဆတ်ခရိုင်တရားရုံး | ဗန္ဓုလလမ်း၊ မြို့သစ်ရပ်ကွက်၊ မိုင်းဆတ်မြို့ |
| | | ၂၉။ ကျိုင်းတုံခရိုင်တရားရုံး | အမှတ်(၁) ရပ်ကွက်၊ စံပြအခါရွာသွားလမ်း ကျိုင်းတုံမြို့ |
| | | ၃၀။ တာချီလိတ်ခရိုင်တရားရုံး | ဝမ်ကောက်ရပ်၊ မဟာဗန္ဓုလလမ်း၊ တာချီလိတ်မြို့ |

| | | | |
|---|---|---|---|
| | | ၃၁။ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး | ဆင်ခေါင်းရပ်ကွက်၊ ပင်းတယမြို့ |
| | | ၃၂။ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး | ရပ်ကွက် (၃)၊ ဈေးသစ်အနီး၊ ကော်မင်လမ်း၊လောက်ကိုင်မြို့ |
| ၈။ | စစ်ကိုင်းတိုင်း ဒေသကြီး | ၃၃။စစ်ကိုင်းခရိုင်တရားရုံး | ရုံးကြီးလမ်း၊ ပိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့။ |
| | | ၃၄။မုံရွာခရိုင်တရားရုံး | ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့။ |
| | | ၃၅။ယင်းမာပင်ခရိုင်တရားရုံး | (ဂ) ရပ်ကွက်၊ ယင်းမာပင်မြို့။ |
| | | ၃၆။ရွှေဘိုခရိုင်တရားရုံး | ရုံးကြီးလမ်း၊ စုပေါင်းရုံးကြီးဝင်း၊ အမှတ်(၁၀) ရပ်ကွက်၊ ရွှေဘိုမြို့။ |
| | | ၃၇။ကန့်ဘလူခရိုင်တရားရုံး | ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂) ရပ်ကွက်၊ ကန့်ဘလူမြို့ |
| | | ၃၈။ကသာခရိုင်တရားရုံး | အမှတ် (၆၄)၊ မြို့ပတ်လမ်း၊ ရပ်ကွက်(၁)၊ ကသာမြို့ |
| | | ၃၉။ကလေးခရိုင်တရားရုံး | အနော်ရထာလမ်း၊ တပ်ဦးသီတာ ရပ်ကွက်၊ ကလေးမြို့ |
| | | ၄၀။တမူးခရိုင်တရားရုံး | အလောင်းဘုရားလမ်း၊ ဈေးတန်း (၁) ရပ်ကွက်၊ တမူးမြို့ |
| | | ၄၁။မော်လိုက်ခရိုင်တရားရုံး | စုပေါင်းရုံး၊ အရာရှိရပ်ကွက်၊မော်လိုက်မြို့ |
| | | ၄၂။ခန္တီးခရိုင်တရားရုံး | ရုံးကြီးလမ်း၊ ဇီးဖြူကုန်းရပ်ကွက်၊ |
| ၉။ | မကွေးတိုင်း ဒေသကြီး | ၄၃။မကွေးခရိုင်တရားရုံး | ဆားရွှေကင်းရပ်၊ ရုံးလမ်း၊ မကွေးမြို့ |
| | | ၄၄။ပခုက္ကူခရိုင်တရားရုံး | အမှတ်(၁)၊ ဗုဒ္ဓကုန်းရပ်၊ ပေါက်လမ်း၊ ပခုက္ကူမြို့၊ |
| | | ၄၅။သရက်ခရိုင်တရားရုံး | ရုံးကြီးလမ်း၊ ပြည်တော်အေးရပ်၊ သရက်မြို့ |
| | | ၄၆။မင်းဘူးခရိုင်တရားရုံး | အမှတ် (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မင်းဘူးမြို့ |
| | | ၄၇။ဂန့်ဂေါခရိုင်တရားရုံး | အမှတ် (၁)၊ မြောက်ကုန်းရပ်၊ စည်ပင်လမ်း၊ ဂန့်ဂေါမြို့ |

## နောက်ဆက်တွဲ(က) အဆက်

| | | | |
|---|---|---|---|
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၄၈။မန္တလေးခရိုင်တရားရုံး | လမ်း၃၀၊ ၆၈x၇၀ကြား၊ ရုံးကြီးဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| | | ၄၉။ပြင်ဦးလွင်ခရိုင်တရားရုံး | အမှတ်(၁၅၁-ခ)မြို့ပတ်လမ်း၊ သုမင်္ဂလာရပ် ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့။ |
| | | ၅၀။ကျောက်ဆည်ခရိုင်တရားရုံး | ဆူးကုန်းရပ်ကွက်၊ အိမ်တော်လမ်း၊ ကျောက်ဆည်မြို့နယ်၊ |
| | | ၅၁။မိတ္ထီလာခရိုင်တရားရုံ | ရုံကြီးလမ်းထိပ်၊မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမကြီးဘေး၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့။ |
| | | ၅၂။မြင်းခြံခရိုင်တရားရုံး | (၃)လမ်း၊ အမှတ်(၂)ရပ်ကွက်၊ မြင်းခြံမြို့။ |
| | | ၅၃။ညောင်ဦးခရိုင်တရားရုံး | စည်ပင်သာယာရပ်၊ အမှတ်(၅)ရပ်ကွက်၊ ညောင်ဦး-ချောက်ကားလမ်းဘေး၊ရွှေစည်းခုံဘုရားအနီး၊ ညောင်ဦးမြို့။ |
| | | ၅၄။ရမည်းသင်းခရိုင်တရားရုံး | စီဗီလိုင်းရပ်၊ ရမည်းသင်းမြို့ ။ |
| | | ၅၅။ဒက္ခိဏခရိုင်တရားရုံး | နေပြည်တော်ကောင်စီလမ်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၁၁။ | ပဲခူးတိုင်းဒေသကြီး | ၅၆။ပဲခူးခရိုင်တရားရုံး | တောင်ငူလမ်း၊ တိုင်းဒေသကြီးတရားလွှတ်တော်ဝင်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။ |
| | | ၅၇။တောင်ငူခရိုင်တရားရုံး | စက်ရှင်လမ်း၊၂၀ ရပ်ကွက်၊တောင်ငူမြို့။ |
| | | ၅၈။သာယာဝတီခရိုင်တရားရုံး | ရာပြည့်လမ်း ၊ ဈေးပိုင်းရပ်ကွက်၊ သာယာဝတီမြို့။ |
| | | ၅၉။ပြည်ခရိုင်တရားရုံး | ယက္ကန်းစင်လမ်းနှင့်ကမ်းနားလမ်းထောင့် ၊ပြည်မြို့ |

**နောက်ဆက်တွဲ(က) အဆုံး**

| | | | |
|---|---|---|---|
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ၆၀။ထားဝယ်ခရိုင်တရားရုံး | ဆန်းချီရပ်၊ သုခလမ်းသွယ်၊ ဆန်းချီတိုးချဲ့မြို့သစ်၊ ထားဝယ်မြို့ |
| | | ၆၁။မြိတ်ခရိုင်တရားရုံး | ဆိပ်ငယ်ရပ်ကွက်၊မြိတ်မြို့ |
| | | ၆၂။ကော့သောင်းခရိုင် တရားရုံး | အောင်သုခရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကော့သောင်းမြို့ |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | ၆၃။ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံး | မင်းနန္ဒာလမ်း၊ဒေါပုံမြို့နယ် |
| | | ၆၄။ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး | ခရေပင်လမ်း၊လမ်းမတော်မြို့နယ် |
| | | ၆၅။ရန်ကုန်တောင်ပိုင်း ခရိုင်တရားရုံး | အောင်ဇေယျလမ်းနှင့်တိုင်းရုံးလမ်း ဒေါင့်၊မြို့သစ်အလယ် ရပ်ကွက်၊ သန်လျင်မြို့ |
| | | ၆၆။ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး | အမှတ် ၁၀၊ ဗဟိုလမ်း၊ ရွာမအရှေ့ ရပ်ကွက်၊အင်းစိန်မြို့နယ်။ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၆၇။ပုသိမ်ခရိုင်တရားရုံး | မဟာစေတီလမ်း၊ (၁၃)ရပ်ကွက် ၊ ပုသိမ်မြို့ |
| | | ၆၈။ဟင်္သာတခရိုင်တရားရုံး | ဆည်မြောင်းရိပ်သာလမ်း၊တာငါး ဆယ်တောင်ရပ်ကွက်၊ဟင်္သာတမြို့ |
| | | ၆၉။မြောင်းမြခရိုင်တရားရုံး | မြဂုဏ်ရည်လမ်း၊ (၇)ရပ်ကွက်၊ မြောင်းမြမြို့ |
| | | ၇၀။လပွတ္တာခရိုင်တရားရုံး | ပိတောက်လမ်း၊(၁)ရပ်ကွက်၊ (၃) မိုင်မြို့သစ်၊ လပွတ္တာမြို့ |
| | | ၇၁။မအူပင်ခရိုင်တရားရုံး | မင်းလမ်း၊(၁)ရပ်ကွက် မအူပင်မြို့ |
| | | ၇၂။ဖျာပုံခရိုင်တရားရုံး | ဒုတိယလမ်းနှင့်မာလာမြိုင်လမ်း ထောင့်၊(၁၂)ရပ်ကွက်၊ ဖျာပုံမြို့ |

နောက်ဆက်တွဲ(ခ)

## *တိုင်းဒေသကြီး/ပြည်နယ်အလိုက်*
## *(၁-၁-၂၀၁၇) မှ (၃၁-၁၂-၂၀၁၇) ကာလအတွင်း စွဲဆိုသော အရေးကြီးရာဇဝတ်မှုခင်း*
## *အခြေပြဇယား*

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မုဒိမ်းမှု | လူသတ်မှု | မူးယစ်ဆေးဝါးမှု | လူကုန်ကူးမှု |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၆၃ | ၃၃ | ၁၇၃၀ | ၂၈ |
| ၂။ | ကယားပြည်နယ် | ၈ | ၄ | ၆၆ | ၁ |
| ၃။ | ကရင်ပြည်နယ် | ၃၀ | ၂၅ | ၅၈၂ | ၅ |
| ၄။ | ချင်းပြည်နယ် | ၉ | ၁၀ | ၂ | ၀ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၂၀ | ၁၁၁ | ၁၄၁၉ | ၁ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၉၉ | ၄၈ | ၆၂၄ | ၅ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၂၃၆ | ၁၃၃ | ၈၆ | ၁၂ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၁၆၀ | ၈၃ | ၅၃ | ၁ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၂၈၈ | ၁၈၄ | ၈၅၀ | ၂၂ |
| ၁၀။ | မွန်ပြည်နယ် | ၉၂ | ၅၃ | ၂၈၀ | ၃ |
| ၁၁။ | ရခိုင်ပြည်နယ် | ၆၃ | ၁၁၆ | ၁၅၆ | ၈ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၅၈ | ၁၃၃ | ၁၀၇၇ | ၃၈ |
| ၁၃။ | ရှမ်းပြည်နယ် | ၇၀ | ၁၃၂ | ၂၀၆၃ | ၄၈ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၃၄ | ၁၄၉ | ၆၄ | ၁၉ |
|  | **စုစုပေါင်း** | ၁၉၃၀ | ၁၂၁၄ | ၉၀၅၂ | ၁၉၁ |

နောက်ဆက်တွဲ(ဂ)

*တိုင်စာအရဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ*

*၁.၁.၂၀၁၇ မှ ၃၁.၁၂.၂၀၁၇ ထိ*

| စဉ် | ရာထူး | သတိပေးခြင်း | | | လစာနှုန်းအတွင်း လစာလျှော့ချခြင်း | ရာထူးတိုးရပ်ဆိုင်းခြင်း | ရာထူးအဆင့်လျှော့ချခြင်း | တာဝန်မှယာယီရပ်ဆိုင်းခြင်း | ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခြင်း | ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | သတင်းစာကြော်ငြာတွင်မှားယွင်းဖော်ပြခြင်း | တရားစီရင်ရေး ကိစ္စနှင့် သက်ဆိုင် | တရားစီရင်ရေး ကိစ္စနှင့် မသက်ဆိုင် | | | | | | | |
| ၁။ | ညွှန်ကြားရေးမှူးချုပ် | - | ၁ | - | - | - | - | - | - | - | ၁ |
| ၂။ | ဒုတိယ ညွှန်ကြားရေးမှူးချုပ် | - | ၂ | - | - | - | - | - | - | - | ၂ |
| ၃။ | ညွှန်ကြားရေးမှူး | - | - | ၂ | - | - | - | - | - | - | ၂ |
| ၄။ | တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူး | - | ၂ | ၃ | - | - | - | - | - | - | ၅ |
| ၅။ | ဒုတိယ ညွှန်ကြားရေးမှူး | ၂ | ၄ | - | - | ၁ | - | - | - | - | ၇ |
| ၆။ | ခရိုင်တရားသူကြီး | ၃ | ၆ | ၂ | - | - | - | - | - | - | ၁၁ |
| ၇။ | တွဲဖက် ခရိုင်တရားသူကြီး | ၁ | - | - | - | - | - | - | - | - | ၁ |
| ၈။ | ဒုတိယ ခရိုင်တရားသူကြီး | ၄ | ၄ | ၁ | - | - | - | - | - | - | ၉ |
| ၉။ | လ/ထ ညွှန်ကြားရေးမှူး | - | ၁ | ၁ | - | - | - | - | - | - | ၂ |
| ၁၀။ | မြို့နယ်တရားသူကြီး | ၁၀ | ၈ | ၃ | - | ၂ | - | - | - | ၁ | ၂၄ |
| ၁၁။ | တွဲဖက်မြို့နယ်တရားသူကြီး | ၅ | ၁ | ၁ | - | ၁ | - | - | - | - | ၈ |
| ၁၂။ | ဦးစီးအရာရှိ | - | ၁ | ၄ | - | ၁ | ၁ | - | ၁ | - | ၈ |
| ၁၃။ | ဒုတိယ မြို့နယ်တရားသူကြီး | ၂ | ၃ | ၂ | - | - | - | - | - | ၁ | ၈ |
| | **အရာထမ်းစုစုပေါင်း** | ၂၇ | ၃၃ | ၁၉ | - | ၅ | ၁ | - | ၁ | ၂ | ၈၈ |

## နောက်ဆက်တွဲ(ဂ) အဆုံး

| စဉ် | ရာထူး | သတိပေးခြင်း | | | လစာနှုန်းအတွင်း လစာလျော့ချခြင်း | ရာထူးတိုးရပ်ဆိုင်းခြင်း | ရာထူးအဆင့်လျော့ချခြင်း | တာဝန်မှယာယီရပ်ဆိုင်းခြင်း | ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခြင်း | ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | သတင်းစာကြော်ငြာတွင်မှားယွင်းဖော်ပြခြင်း | တရားစီရင်ရေးကိစ္စနှင့် သက်ဆိုင် | တရားစီရင်ရေးကိစ္စနှင့် မသက်ဆိုင် | | | | | | | |
| ၁။ | ဌာနခွဲစာရေး | - | - | ၃ | - | - | - | - | - | - | ၃ |
| ၂။ | အကြီးတန်းစာရေး | - | - | ၁၅ | - | ၂ | ၂ | ၁ | - | ၄ | ၂၄ |
| ၃။ | ယာဉ်မောင်း-၃ | - | - | - | - | - | ၁ | - | - | - | ၁ |
| ၄။ | အငယ်တန်းစာရေး | - | - | ၉ | - | ၃ | - | - | ၃ | ၃ | ၁၈ |
| ၅။ | အငယ်တန်းလက်နှိပ်စက် | - | - | ၁ | ၁ | - | - | ၁ | ၂ | - | ၅ |
| ၆။ | ရုံးအကူ | - | - | ၄ | - | - | - | - | ၁ | ၁ | ၆ |
| ၇။ | ရုံးအကူ/စာပို့ | - | - | ၅ | - | - | - | - | ၂ | ၃ | ၁၀ |
| ၈။ | ရုံးစောင့် | - | - | ၂ | - | ၁ | - | - | - | ၂ | ၅ |
| | အမှုထမ်းစုစုပေါင်း | - | - | ၃၉ | ၁ | ၆ | ၃ | ၂ | ၈ | ၁၃ | ၇၂ |

နောက်ဆက်တွဲ(ဃ)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း

၁-၁-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ထိ

| စဉ် | ရာထူးအမည် | လစာနှုန်း | ခွင့်ပြု | လက်ရှိ | | | လစ်လပ် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ညွှန်ကြားရေးမှူးချုပ် | ၅၀၀၀၀၀ | ၂ | ၁ | ၁ | ၂ | - |
| ၂ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၃၈၀၀၀၀-၄၀၀၀-၄၀၀၀၀၀ | ၅ | ၁ | ၄ | ၅ | - |
| ၃ | ညွှန်ကြားရေးမှူး | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၂၅ | ၁၃ | ၁၁ | ၂၄ | ၁ |
| ၄ | တရားရေးဝန်ထမ်းအဆင့်(၁) | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ | ၁၅၉ | ၄၆ | ၁၀၆ | ၁၅၂ | ၇ |
| ၅ | တရားရေးဝန်ထမ်းအဆင့်(၂) | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၂၇၈ | ၁၀၂ | ၁၁၅ | ၂၁၇ | ၆၁ |
| ၆ | တရားရေးဝန်ထမ်းအဆင့်(၃) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၈၀၇ | ၂၄၆ | ၂၈၀ | ၅၂၆ | ၂၈၁ |
| ၇ | တရားရေးဝန်ထမ်းအဆင့်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၆၄၉ | ၁၈၉ | ၁၇၆ | ၃၆၅ | ၂၈၄ |
| | **အရာထမ်းစုစုပေါင်း** | | **၁၉၂၅** | **၅၉၈** | **၆၉၃** | **၁၂၉၁** | **၆၃၄** |
| ၈ | ရုံးအုပ် | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ | ၄၈ | ၉ | ၃၃ | ၄၂ | ၆ |
| ၉ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ | ၁ | - | - | - | ၁ |
| ၁၀ | ဌာနခွဲစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၆၅ | ၈၂ | ၁၆၄ | ၂၄၆ | ၁၉ |
| ၁၁ | စာရင်းကိုင်-၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ | - | ၂ | ၂ | - |
| ၁၂ | စာကြည့်တိုက်မှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ | - | ၁ | ၁ | - |
| ၁၃ | ဒု-ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ | - | ၁ | ၁ | - |
| ၁၄ | လုံခြုံရေး-၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ | ၂ | - | ၂ | - |
| ၁၅ | အကြီးတန်းစာရေး | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၁၃၇၃ | ၃၈၄ | ၇၃၁ | ၁၁၁၅ | ၂၅၈ |

## နောက်ဆက်တွဲ(ဃ) အဆက်

| စဉ် | ရာထူးအမည် | လစာနှုန်း | ခွင့်ပြု | လက်ရှိ | | | လစ်လပ် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁၆ | အကြီးတန်းစာရေး (အမှုတွဲထိန်း) | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂ | ၁ | - | ၁ | ၁ |
| ၁၇ | အကြီးတန်းလက်နှိပ်စက် | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၅၆ | ၁၄ | ၁၈ | ၃၂ | ၂၄ |
